မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၇ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် ( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက် )

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဦးဇေယျာအောင်<br>ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးငြေးအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဝင်းထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာထွန်းရှင်<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၅) | ဒေါက်တာမောင်မောင်သိမ်း<br>ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်လဲ့လဲ့သိန်း<br>ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | သူရဦးသောင်းလွင်<br>ဒုတိယဝန်ကြီး (အငြိမ်းစား) | အဖွဲ့ဝင် |
| (၈) | ဒေါက်တာအောင်ထွန်းသက်<br>စီးပွားရေးပညာရှင် | အဖွဲ့ဝင် |
| (၉) | ဦးညွန့်တင်<br>သံအမတ်ကြီး (အငြိမ်းစား) | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းခိုင်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |

(၁၁) ဒေါ်ခိုင်ခိုင်နွယ် အဖွဲ့ဝင်
စီးပွားရေးလုပ်ငန်းရှင်

(၁၂) ဦးအောင်နိုင်ဦး အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၁၃) ဒေါ်မြသူဇာ တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက် )

**စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **"စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သမဝါယမဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဒ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဓ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(န) ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ပ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဖ) မြို့တော်ဝန် အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဗ) မြို့တော်ဝန် အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဘ) မြို့တော်ဝန် အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(မ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

| | | |
|---|---|---|
| (ယ) | အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ရ) | စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူးချုပ်<br>ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဝ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (သ) | ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ (၄) လလျှင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက် )

### ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၄) ပါ အပိုဒ် ၄ နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်အရ အဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်လင်း **အစား** ဗိုလ်မှူးချုပ်သန်းထွတ်သိန်းအား ပြောင်းလဲဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက် )

**စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အတွင်းရေးမှူး ပြောင်းလဲခြင်း**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးခင်မောင်ဦး၊ မုံရွာမဲဆန္ဒနယ်အား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပြောင်းလဲဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက် )

**လစ်လပ်သောကော်မတီအဖွဲ့ဝင်များနေရာ ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့၌ အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည် -

| **စဉ်** | **အမည်၊ မဲဆန္ဒနယ်** | **ကော်မတီ** |
|---|---|---|
| (က) | ဦးညဏ်ဆွေဝင်း<br>ကျောက်ကြီးမဲဆန္ဒနယ် | စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ |
| (ခ) | ဒေါ်စန္ဒာမင်း<br>ဇမ္ဗူသီရိမဲဆန္ဒနယ် | စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ဂ) | ဒုတိယဗိုလ်မှူးကြီးညီညီလွင်<br>တပ်မတော်သားကိုယ်စားလှယ် | တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊<br>အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ |
| (ဃ) | ဦးအောင်ဇင်<br>ပုဇွန်တောင်မဲဆန္ဒနယ် | ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှု<br>စိစစ်ရေးကော်မတီ |

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

**ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ၏**
**“မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း” ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော “မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း” အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံဆေးကောင်စီဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆေးပညာ**ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့်စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆေးကောင်စီကို ဆိုသည်။

(ဂ) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီဝင်တစ်ဦးဦးကို ဆိုသည်။

(ဃ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(င) **မှတ်ပုံတင်ဆရာဝန်**ဆိုသည်မှာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(စ) **ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထွေထွေဆေးကုသခွင့် လိုင်စင်၊ ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(၁) **အထွေထွေဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ -

(က) အသိအမှတ်ပြုထားသော ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုမှ အခြေခံဆေးပညာဘွဲ့ ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးပြီးသော မြန်မာနိုင်ငံသား မှတ်ပုံတင်ဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်၊

(ခ) သက်ဆိုင်ရာဆေးကောင်စီက အသိမှတ်ပြုထားသော ပြည်ပဆေးတက္ကသိုလ်တစ်ခုခုမှ ဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးပြီးသူ မြန်မာ နိုင်ငံသား ဆရာဝန်အား ဆေးကုသခွင့်လိုင်စင်စာမေးပွဲ အောင်မြင်ပြီးနောက် မြန်မာ နိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၂) **အထူးဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ -

အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး အထွေထွေ အထူး ဆေးကုသမှုကိုဖြစ်စေ၊ အထူးပြုအထူးကုဆေးကုသမှုကိုဖြစ်စေ၊ အရည်အချင်းပြည့်မီ၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည်ဟု သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်ဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၃) **ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ -

နိုင်ငံခြားသားဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီမှ ကျင်းပပြုလုပ်သော ဆေးကုသခွင့်လိုင်စင်စာမေးပွဲကို အောင်မြင်ပြီး ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန် ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(၄) **ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ -

သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော နိုင်ငံခြားသားဆရာဝန်အား ကုသခွင့် ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလ များကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၅) **ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ -

ဆေးပညာဘွဲ့မရရှိသော်လည်း ဆေးကုသခြင်းနှင့်သက်ဆိုင်သော ဘွဲ့တစ်ခုခုရရှိပြီး ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုအခြေအနေအရ လိုအပ်သဖြင့် ဆေးကုသမှုတစ်ခုခုကို ဆောင်ရွက်နိုင်သည်ဟု ကောင်စီကလည်း အသိအမှတ်ပြုထားသူအား ထုတ်ပေးထားသော လိုင်စင်ကို ဆိုသည်။

(ဆ) **ဆေးကုသပိုင်ခွင့်ရှိသူ**ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီတွင် ဤဥပဒေအရ မှတ်ပုံတင်ပြီး ဆေးကုသခွင့်လိုင်စင် ရရှိပြီးသူကို ဆိုသည်။

အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး ခံစားခွင့်ရရှိစေရန်၊

(ခ) ဆရာဝန်များ၏ ဆေးပညာဗဟုသုတ၊ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက်ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ဆေးပညာကို ခေတ်စနစ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်အတွက် ညွှန်ကြားကြပ်မတ်ပေးရန်၊

(ဃ) ဆေးပညာတိုးတက်မှုကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) ဆရာဝန်များ၏ဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့်စည်းကမ်းများ လိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းပေးရန်၊

(ဆ) မှတ်ပုံတင်ဆရာဝန်များ၏ အမှန်တကယ်နစ်နာမှုများအတွက် လိုအပ်ပါက သင့်လျော်သော အကြံဉာဏ်များ ပေးရန်၊

(ဇ) လျော်ကန်ကောင်းမွန်သော ဆေးကုသမှုပတ်ဝန်းကျင်ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးကြပ်မတ်မှု ပေးရန်၊

(ဈ) နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ကျန်းမာရေးဝန်ကြီးဌာန၊ အခြားသက်ဆိုင်သော ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပနှီးနွှယ်အဖွဲ့အစည်းများကို အကြံပြုခြင်း၊ တိုက်တွန်းခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ပြုလုပ်ရန်။

အခန်း (၃)

## မြန်မာနိုင်ငံဆေးကောင်စီ ဖွဲ့စည်းခြင်း

၄။ (က) မြန်မာနိုင်ငံဆေးကောင်စီသည် လုပ်ငန်းသဘောအရ လွတ်လပ်စွာရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

(ခ) မြန်မာနိုင်ငံဆေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရအဖွဲ့ကို တာဝန်ခံသည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစားဆေးပညာရှင် (၂) ဦး ပါဝင်သော နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၆။ ကောင်စီ၏ နာယကအဖွဲ့သည် မြန်မာနိုင်ငံဆေးကောင်စီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊

(ခ) ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊

(ဂ) ဆေးသုတေသနဦးစီးဌာန ဝါရင့်ညွှန်ကြားရေးမှူးချုပ်၊

(ဃ) ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊

(င) ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ၊

(စ) မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂) ဦး၊

(ဆ) မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂) ဦး၊

(ဇ) ပြည်နယ်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများ၊

(ဈ) ဆေးတက္ကသိုလ်များမှ ဥပဒေရေးရာဆေးပညာဌာန ဝါရင့်ပါမောက္ခဌာနမှူး (၁) ဦး၊

(ည) ဆေးတက္ကသိုလ်ပါမောက္ခချုပ်များက ညှိနှိုင်းရွေးချယ်ပေးသော ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွား မီးယပ်ကုပညာ၊ ကလေးကျန်းမာပညာဌာနများမှ ဝါရင့်ပါမောက္ခဆရာဝန် (၁) ဦးစီ၊

(ဋ) အများယုံကြည်လေးစားမှုကို ရရှိပြီး ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ပါဝင်စားမှုရှိသည့် အငြိမ်းစားဆရာဝန်ပညာရှင် (၇) ဦး၊

(ဌ) ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်များက မိမိတို့အနက်မှ ရွေးချယ် တင်မြှောက်သော အစိုးရဝန်ထမ်းမဟုတ်သူ (၁) ဦးစီ၊

(ဍ) အများပြည်သူလေးစားသောပုဂ္ဂိုလ် (၂) ဦး။

၇။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီအဖွဲ့ဝင်များအနက်မှ ၎င်းတို့၏ဆန္ဒမဲဖြင့် ဥက္ကဋ္ဌ (၁) ဦး၊ ဒုတိယဥက္ကဋ္ဌ (၁) ဦး၊ အတွင်းရေးမှူး (၁) ဦး၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးနှင့် ဘဏ္ဍာရေးမှူး (၁) ဦးတို့ကို ရွေးချယ်တင်မြှောက်စေရမည်။

၈။ (က) နာယကအဖွဲ့သည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (၁) | ကောင်စီဥက္ကဋ္ဌ | ..... | ဥက္ကဋ္ဌ |
| (၂) | ကောင်စီဒုတိယဥက္ကဋ္ဌ | ..... | ဒုတိယဥက္ကဋ္ဌ |
| (၃) | ကောင်စီဝင် (၁၀) ဦး | ..... | အဖွဲ့ဝင်များ |
| (၄) | ကောင်စီအတွင်းရေးမှူး | ..... | အတွင်းရေးမှူး |
| (၅) | ကောင်စီတွဲဖက်အတွင်းရေးမှူး | ..... | တွဲဖက်အတွင်းရေးမှူး |
| (၆) | ကောင်စီဘဏ္ဍာရေးမှူး | ..... | ဘဏ္ဍာရေးမှူး |

(ခ) အလုပ်အမှုဆောင်အဖွဲ့ဝင် (၁၀) ဦးအနက်မှ (၇) ဦးအား ကောင်စီဝင်များမှ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ပြီး ကျန် (၃) ဦးအား ကောင်စီဥက္ကဋ္ဌမှ တိုက်ရိုက်ရွေးချယ်နိုင်သည်။

၉။ (က) ဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့်ပုဂ္ဂိုလ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(၁) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊

(၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူ ဖြစ်ရမည်၊

(၃) ဆေးလောကတွင် လူအများယုံကြည်လေးစားမှုရှိသော ဆေးပညာရှင် ဖြစ်ရမည်။

(ခ) အတွင်းရေးမှူးတာဝန် ထမ်းဆောင်မည့်ပုဂ္ဂိုလ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံ ရမည် -

(၁) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊

(၂) ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူ ဖြစ်ရမည်၊

(၃) ဆေးလောကတွင် လူအများယုံကြည်လေးစားမှုရှိသော ဆေးပညာရှင် ဖြစ်ရမည်။

၁၀။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် (၄) နှစ် ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း (၂) ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ ပုဒ်မ (၆) ပါအတိုင်း အစားထိုးခန့်ထားခြင်း (သို့မဟုတ်) ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် လက်ရှိကောင်စီသက်တမ်း ကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ကောင်စီ ဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပရှိ ဆေးတက္ကသိုလ်၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မှတ်ပုံတင်ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်စာရင်းများကို ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဃ) ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလိုဆောင်ရွက်ခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန်နှင့် လုံခြုံမှုရှိစေရန် လိုအပ်သောစံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ထုတ်ပြန်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ်များ သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ ဆရာဝန်များ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားမှုရရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာ အသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(ဈ) ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဋ) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

၁၃။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ဖော်ပြပါ ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ၊

(၂) ဆေးပညာဘွဲ့၊ လက်မှတ်စိစစ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၅) ဆေးပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားရေးအတွက် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊

(၆) ကုသရေးဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် လုံခြုံမှုအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊

(၇) ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီကြောင်း တရားဝင် အသိအမှတ်ပြုရေးကော်မတီ၊

(၈) စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးကော်မတီ၊

(၉) ဘဏ္ဍာရေးကော်မတီ၊

(၁၀) ဥပဒေရေးရာကော်မတီ၊

(၁၁) အခြားလိုအပ်သောကော်မတီများ။

(ခ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့် ပေးရန် ငြင်းပယ်ခြင်း၊

(င) နိုင်ငံတော်နှင့် ကောင်စီအတွက် အကျိုးပြုမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ကျန်းမာရေးဝန်ကြီးဌာနက အခါ အားလျော်စွာ အကြံပြုသော လုပ်ငန်းရပ်များကို ဆောင်ရွက်ခြင်း။

အခန်း (၅)

## ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ

၁၄။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကောင်စီက သတ်မှတ်သည့် လစာစရိတ်၊ ချီးမြှင့်ငွေနှင့် ခံစားခွင့်များကို ရရှိခွင့်ရှိသည်၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိသည်၊

(ဂ) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

အခန်း (၆)

## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၅။ အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် (၃) ကြိမ်တိုင်တိုင် ဆက်တိုက် ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ (၆) လနှင့်အထက် ထွက်ခွာခြင်း၊

(ဃ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း (သို့မဟုတ်) ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(စ) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အရေးယူအပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရားပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဇ) ကောင်စီမှပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။

အခန်း (၇)

## အစည်းအဝေးကျင်းပခြင်း

၁၆။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို (၄) လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို (၁) လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း။

၁၇။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ဆောင်ရွက်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးအကြောင်းကြားနိုင်သည်။

အခန်း (၈)

## ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၁၈။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ညွှန်ကြားရေးမှူးအဆင့်ရှိ ရုံးအဖွဲ့မှူး (၁) ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ ဒုတိယရုံးအဖွဲ့မှူး (၁) ဦးတို့ကို ခန့်ထားပြီး တာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) စီမံဌာန၊ မှတ်ပုံတင်ဌာနနှင့် ငွေစာရင်းဌာနတို့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိသူ လက်ထောက်ရုံးအဖွဲ့မှူး ဝန်ထမ်း (၁) ဦးစီ ခန့်ထားနိုင်သည်၊

(ဂ) အရည်အသွေးထိန်းသိမ်းခြင်းနှင့်စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ ဆရာဝန်လက်ထောက် ရုံးအဖွဲ့မှူး ဝန်ထမ်း (၁) ဦးစီ ခန့်ထားနိုင်သည်၊

(ဃ) ဌာနများကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများကို လိုအပ်သလို ခန့်ထား၍ တာဝန်များ သတ်မှတ်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

အခန်း (၉)

## ဘဏ္ဍာရေး

၁၉။ ကောင်စီသည် ဆရာဝန်မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသောအထွေထွေ ဝန်ဆောင်ခစရိတ်များကို ကောက်ခံနိုင်သည်။

၂၀။ ကောင်စီသည် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံပြီး၊ ကောင်စီ၏အကျိုးအလို့ငှာ တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားဝင်ရင်းနှီးမြှုပ်နှံနိုင်သည်။

၂၁။ ကောင်စီသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၂၂။ ကောင်စီသည် ရငွေ၊ သုံးငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၂၃။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

အခန်း (၁၀)

## ဆရာဝန်မှတ်ပုံတင်ခြင်း

၂၄။ ဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိလိုသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် -

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဆေးပညာဘွဲ့ ရရှိသူ၊

(ခ) ပြည်ပဆေးတက္ကသိုလ်ကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော ကောင်စီက အသိအမှတ်ပြုထားသည့် ဆေးပညာဘွဲ့ရရှိသူ၊

(ဂ) ပြည်ပဆေးတက္ကသိုလ်ကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ ဆေးပညာဘွဲ့ရရှိပြီး ကောင်စီက ကျင်းပပြုလုပ်သော ဆေးကုသခွင့်လိုင်စင်စာမေးပွဲကို အောင်မြင်သည့် ဆေးကုသခွင့်လိုင်စင် ရရှိပြီးသူ မြန်မာနိုင်ငံသားဆရာဝန်။

၂၅။ ကောင်စီသည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က၊ ခ၊ ဂ) အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးပေးသွင်းစေ၍ ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၆။ ကောင်စီသည် မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး သုံးစွဲနေခြင်း၊

(ခ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို ခံရသည့်အပြင် ကောင်စီကလည်း ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု သတ်မှတ်ခံရခြင်း၊

(ဂ) တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရစေကာမူ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်း၍ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်ခြင်း၊

(ဃ) ကောင်စီက ဆရာဝန်မှတ်ပုံတင်ထားခြင်းမခံထိုက်ဟု စိစစ်သတ်မှတ်ခံရခြင်း။

## အခန်း (၁၁)
## ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုခြင်း

၂၇။ ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုနိုင်ရန် ပြည်တွင်း၊ ပြည်ပ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့လွန်ဆေးပညာဘွဲ့ရရှိသူသည် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ ကောင်စီသည် ပုဒ်မ ၂၇ အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ ဘွဲ့လွန်ရရှိကြောင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## ဆေးကုသခွင့်လိုင်စင်

၂၉။ မြန်မာနိုင်ငံသားမှတ်ပုံတင်ဆရာဝန်သည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၀။ ကောင်စီသည် ပုဒ်မ ၂၉ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်း ပြုလုပ်ပြီး အရည်အချင်းပြည့်မီပါက အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၁။ အခြေခံဆေးပညာဘွဲ့နှင့် အလားတူ ဘွဲ့ရနိုင်ငံခြားသားဆရာဝန်သည် ကန့်သတ်အထွေထွေ ဆေးကုသခွင့်လိုင်စင် ရရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ

ပေးသွင်းစေ၍ ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်အထွေထွေ ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၃။ အထွေထွေဆေးကုသခွင့်လိုင်စင် ရရှိထားပြီး သတ်မှတ်သည့် အရည်အချင်းနှင့်ပြည့်စုံသော မှတ်ပုံတင်ဆရာဝန်သည် အထူးဆေးကုသခွင့်လိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၃၄။ ကောင်စီသည် ပုဒ်မ ၃၃ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၅။ နိုင်ငံခြားသားအထူးကုဆရာဝန်သည် မြန်မာနိုင်ငံတွင် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၆။ ကောင်စီသည် ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၇။ ဆေးပညာဘွဲ့မရှိသော်လည်း ဆေးကုသခြင်းနှင့်သက်ဆိုင်သော ဘွဲ့တစ်ခုခုရရှိပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုဖြင့် ဆေးကုသမှုဆောင်ရွက်လိုသူသည် ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၃၈။ ကောင်စီသည် ပုဒ်မ ၃၇ အရ လျှောက်ထားလာသော လျှောက်လွှာကို စိစစ်၍ လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေလျက် ကုသခွင့်ရှိသည့် ပညာရပ်ဆိုင်ရာနယ်ပယ်သတ်မှတ်၍ ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၉။ ဆေးကုသခွင့်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏ဆေးကုသသည့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုသော အထွေထွေဆေးကုသခွင့်လိုင်စင် (သို့မဟုတ်) အထူးဆေးကုသခွင့်လိုင်စင် ရရှိသူသည် ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာဆေးကုသခွင့်လိုင်စင်သက်တမ်း မကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၀။ ကောင်စီသည် ပုဒ်မ ၃၉ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း (သို့မဟုတ်) သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၁။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း (သို့မဟုတ်) ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပညာပျက်ယွင်းခြင်း (သို့မဟုတ်) ကိုယ်အင်္ဂါချွတ်ယွင်းခြင်းကြောင့် ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဂ) ဆရာဝန်တစ်ဦး၏ တာဝန်ဝတ္တရားများကို မဆင်မခြင်ပေါ့လျော့စွာ ဆောင်ရွက်ခြင်း၊

(ဃ) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှုမရှိခြင်း၊

(င) ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင်နိုင်စွမ်းမရှိခြင်း၊

(စ) ကောင်စီက သတ်မှတ်သောကာလအတွင်း လုံလောက်သောအကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊

(ဆ) မည်သည့်မှတ်ပုံတင်ဆရာဝန်မျှ မိမိကိုယ်တိုင် ရရှိပြီး ဆေးကောင်စီကလည်း ခွင့်ပြုထားသည့် ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ဖော်ပြခြင်း။

အခန်း (၁၃)

**မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရဆရာဝန်၏ တာဝန်နှင့်ရပိုင်ခွင့်များ**

၄၂။ မှတ်ပုံတင်ဆရာဝန်သည် -

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ကောင်စီက သတ်မှတ်သည့် ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်၊

(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်၊

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၃။ ဆေးကုသခွင့်လိုင်စင်ရဆရာဝန်သည် မိမိရရှိသော ဆေးကုသခွင့်လိုင်စင်အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၄၄။ မှတ်ပုံတင်ဆရာဝန်သည် ဆရာဝန်သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဍ) ပါ ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် -

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်၊

(ခ) ကောင်စီက သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

အခန်း (၁၄)

**အယူခံခြင်း**

၄၅။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၅ အရဖြစ်စေ၊ ပုဒ်မ ၂၈ အရဖြစ်စေ၊ ပုဒ်မ ၃၀ အရဖြစ်စေ၊ ပုဒ်မ ၃၂ အရဖြစ်စေ၊ ပုဒ်မ ၃၄ အရဖြစ်စေ၊ ပုဒ်မ ၃၆ အရဖြစ်စေ၊ ပုဒ်မ ၃၈ အရဖြစ်စေ၊ ပုဒ်မ ၄၀ အရဖြစ်စေ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၄၆။ ပုဒ်မ ၄၅ အရ အယူခံရာတွင် ချမှတ်သော ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၄၇။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၆ အရ မှတ်ပုံတင်ဆရာဝန်အဖြစ်မှ ပယ်ဖျက်ကြောင်း ချမှတ်သည့် အမိန့်ကိုဖြစ်စေ၊ ပုဒ်မ ၄၁ အရ ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ကြောင်း (သို့မဟုတ်) ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းကြောင်း ချမှတ်သည့်အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းအမိန့်ကို ချမှတ်သည့် နေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၄၈။ ကောင်စီ၏ နာယကအဖွဲ့သည် ပုဒ်မ ၄၇ အရ အယူခံလျှောက်ထားခြင်းအား ကြားနာဆုံးဖြတ်နိုင်ရန် အဖွဲ့ဝင် (၃) ဦး ပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်း၍ ကြားနာစေပြီး နာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆုံးဖြတ်စေရမည်။ အဆိုပါအယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း (၁၅)

**တားမြစ်ချက်နှင့်ပြစ်ဒဏ်များ**

၄၉။ မည်သူမျှ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်း မပြုရ။

၅၀။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မျှ ဆေးကုသသည့်လုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် (သို့မဟုတ်) အထောက်အထားရရှိသူမှ အပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်း မပြုရ။

၅၁။ ဆေးကုသပိုင်ခွင့်ရှိသူ မည်သူမဆို ကောင်စီမှ ခွင့်ပြုထုတ်ပေးထားသည့် ဆေးကုသခွင့်လိုင်စင် အမျိုးအစားအရသာ ဆေးကုသခြင်းပြုရမည်။ မိမိကိုယ်တိုင် ရရှိသော၊ ဘွဲ့အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ် စကားရပ်ကို မိမိအမည်နှင့် ယှဉ်တွဲအသုံးပြု၍ ဆေးကုသခြင်း မပြုရ။

၅၂။ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁) နှစ်မှ အများဆုံး ထောင်ဒဏ် (၅) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၃။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၅) နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သည့်မှတ်ပုံတင်ဆရာဝန်မဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃) နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။

အခန်း (၁၆)

**အထွေထွေ**

၅၅။ ဆေးကုသပိုင်ခွင့်ရှိသူက ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်းမရှိသော ဆေးလက်မှတ်နှင့် ဆေးဘက် ဆိုင်ရာ အထောက်အထားများသည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၅၆။ ဆေးကုသပိုင်ခွင့်ရှိသူတစ်ဦးဦးသည် မိမိ၏လူနာအကျိုးအတွက် ဆောင်ရွက်ရာတွင် ဆေးပညာရပ် ဆိုင်ရာ ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ပါလျှင် တစ်စုံတစ်ရာ ဘေးအန္တရာယ်ကျရောက်ခဲ့သည်ရှိသော် မိမိ၏တာဝန်အား သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းအပေါ် ပြစ်မှု ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့် မရှိစေရ။

၅၇။ ဤဥပဒေပုဒ်မ ၅၂ (သို့မဟုတ်) ပုဒ်မ ၅၃ အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် မြန်မာနိုင်ငံ ဆေးကောင်စီ မှတ်ပုံတင်ဆရာဝန်ဖြစ်ပါက မြန်မာနိုင်ငံဆေးကောင်စီသို့ အသိပေးအကြောင်းကြားရမည်။

၅၈။ ၂၀၀၀ ခုနှစ်၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၉။ ကောင်စီသည် ၂၀၀၀ ခုနှစ်၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၆၀။ ၂၀၀၀ ခုနှစ်၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီသည် ဤဥပဒေအရ မြန်မာနိုင်ငံဆေးကောင်စီ မဖွဲ့စည်းမီ ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၆၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ကောင်စီသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့သို့ တင်ပြပြီး ထုတ်ပြန်နိုင်သည်၊

(ခ) ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၆၂။ ၂၀၀၀ ခုနှစ်၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

**အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၁၃ နှင့် အမိန့်ကြော်ငြာစာအမှတ်၊ ၂၁/၂၀၁၃ တို့ဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးနေရာနှင့် ညွှန်ကြားရေးမှူး ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး | အတည်ပြုခန့်ထားသည့်ရက်စွဲ |
|---|---|---|---|
| (၁) | ဦးစိုးကျော်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁၀-၄-၂၀၁၄ |
| (၂) | ဦးဝင်းဦးခိုင် | ညွှန်ကြားရေးမှူး | ၁၀-၄-၂၀၁၄ |
| (၃) | ဦးသိန်းဦး | ညွှန်ကြားရေးမှူး | ၁၀-၄-၂၀၁၄ |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မကွေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အကျိုးသက်ရောက်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မကွေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်ကာလအတွင်း တိုင်းဒေသကြီးတစ်ခုလုံးအတိုင်းအတာအရ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍများကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) တို့ ပါဝင်ပါသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၃။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မကွေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ကျပ်သန်း ၅၁၇၀၃၁၉. ၀ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ၈. ၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၀၈ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ကျပ်သန်း ၁၉၁၀၅၁၀. ၂ ဖြစ်ပြီး ၂. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ကျပ်သန်း ၃၀၅၁၄၆. ၄ ဖြစ်ပြီး ၁၁. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ကျပ်သန်း ၆၀၅၃. ၆ ဖြစ်ပြီး (-) ၃၁. ၅ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ကျပ်သန်း ၁၉၄၂၂. ၉ ဖြစ်ပြီး (-) ၁၀. ၀ ရာခိုင်နှုန်း လျော့နည်း ဖြစ်ပေါ်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ကျပ်သန်း ၄၂၃၉. ၄ ဖြစ်ပြီး ၁၀. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ကျပ်သန်း ၁၀၂၀၅၅၄. ၇ ဖြစ်ပြီး ၁၁. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကျပ်သန်း ၁၂၉၄၈. ၇ ဖြစ်ပြီး (-) ၂၃. ၃ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ကျပ်သန်း ၂၀၉၆၉၃. ၂ ဖြစ်ပြီး (-) ၆. ၆ ရာခိုင်နှုန်း လျော့နည်း ဖြစ်ပေါ်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ကျပ်သန်း ၃၁၅၁၆၇. ၈ ဖြစ်ပြီး ၁၅. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ကျပ်သန်း ၂၁၉၆၈၂. ၆ ဖြစ်ပြီး ၅၃. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ကျပ်သန်း ၃၁၆၃. ၆ ဖြစ်ပြီး ၀. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ကျပ်သန်း ၉၄၇၁၉. ၆ ဖြစ်ပြီး ၂၇. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ကျပ်သန်း ၈၉၉၈၂. ၁ ဖြစ်ပြီး ၁၂. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ကျပ်သန်း ၉၅၉၀၃၄. ၂ ဖြစ်ပြီး ၈. ၃ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) မကွေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄၄. ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၃. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၄. ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၄. ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀၁၃-၂၀၁၄

ဘဏ္ဍာနှစ်တွင် ၃၀.၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃၂.၅ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၁၁၃၅၃၉၈.၀ လျာထားပြီး နိုင်ငံပိုင်အခန်းမှ ကျပ်သန်း ၃၀၄၀၂၈.၀ အချိုးအစားအားဖြင့် ၂၆.၈ ရာခိုင်နှုန်း၊ သမဝါယမပိုင် အခန်းမှ ကျပ်သန်း ၅၇.၀ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျပ်သန်း ၈၃၁၃၁၃.၀ အချိုးအစားအားဖြင့် ၇၃.၂ ရာခိုင်နှုန်း အသီးသီးရင်းနှီးမြှုပ်နှံရန်၊

(င) လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) မှာ နှစ်အလိုက်ဈေးနှုန်းများအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၉၄၈၃၆၂ ရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၀၅၁၅၈၁ သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း (၃)

## အထွေထွေ

၄။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၅။ စီမံကိန်းရည်မှန်းချက်များကို ပူးတွဲဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) တို့ဖြင့် ဖော်ပြထားရာ ယင်းရည်မှန်းချက်များကို တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များက အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်ပြီး ဌာနအလိုက် ဒေသအလိုက် လိုအပ်သောလုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲထုတ်ပြန်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများက ဒေသအလိုက် အကောင်အထည်ဖော်သည့် စီမံကိန်းများအား လေ့လာဆန်းစစ်၍ ပြည်သူလူထု အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား အကောင်အထည်ဖော်ကြရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသောစီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်နိုင်သည်။

၇။ စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဌာနအလိုက်၊ ဒေသအလိုက် ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်စေရန် ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ၊
ဝန်ကြီးချုပ်၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

**ပူးတွဲဇယား (၁)**

## မကွေးတိုင်းဒေသကြီး၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်း
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

တန်ဖိုး - ကျပ်သန်း

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | လယ်ယာကဏ္ဍကြီး | ၂၁၄၁၄၁၈. ၇ | ၄၄. ၈ | ၃. ၁ | ၂၂၂၁၇၁၀. ၂ | ၄၃. ၀ | ၃. ၇ |
| ၂ | စက်မှုလက်မှုကဏ္ဍကြီး | ၁၁၇၉၁၃၉. ၇ | ၂၄. ၇ | ၁၁. ၃ | ၁၂၆၆၈၅၈. ၉ | ၂၄. ၅ | ၇. ၄ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၄၆၀၀၉၃. ၂ | ၃၀. ၅ | ၁၃. ၄ | ၁၆၈၁၇၄၉. ၉ | ၃၂. ၅ | ၁၅. ၂ |
| **၄** | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)** | **၄၇၈၀၆၅၁. ၆** | **၁၀၀. ၀** | **၈. ၀** | **၅၁၇၀၃၁၉. ၀** | **၁၀၀. ၀** | **၈. ၂** |

**ပူးတွဲဇယား (၂)**

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်း**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

တန်ဖိုး - ကျပ်သန်း

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **လယ်ယာကဏ္ဍကြီး** | **၂၁၄၁၄၁၈.၇** | **၄၄.၈** | **၃.၁** | **၂၂၂၁၇၁၀.၂** | **၄၃.၀** | **၃.၇** |
| | ၁ လယ်ယာ | ၁၈၅၉၆၈၂.၇ | ၃၈.၉ | ၂.၅ | ၁၉၁၀၅၁၀.၂ | ၃၇.၀ | ၂.၇ |
| | ၂ သားငါး | ၂၇၂၉၀၀.၇ | ၅.၇ | ၇.၆ | ၃၀၅၁၄၆.၄ | ၅.၉ | ၁၁.၈ |
| | ၃ သစ်တော | ၈၈၃၅.၃ | ၀.၂ | -၅.၀ | ၆၀၅၃.၆ | ၀.၁ | -၃၁.၅ |
| **၂** | **စက်မှုကဏ္ဍကြီး** | **၁၁၇၉၁၃၉.၇** | **၂၄.၇** | **၁၁.၃** | **၁၂၆၆၈၅၈.၉** | **၂၄.၅** | **၇.၄** |
| | ၁ စွမ်းအင် | ၂၁၅၇၉.၀ | ၀.၄ | ၃၂.၅ | ၁၉၄၂၂.၉ | ၀.၄ | -၁၀.၀ |
| | ၂ သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၈၄၂.၂ | ၀.၁ | ၃.၀ | ၄၂၃၉.၄ | ၀.၁ | ၁၀.၃ |
| | ၃ စက်မှုလက်မှု | ၉၁၂၄၄၂.၄ | ၁၉.၁ | ၁၂.၁ | ၁၀၂၀၅၅၄.၇ | ၁၉.၇ | ၁၁.၈ |
| | ၄ လျှပ်စစ်ဓာတ်အား | ၁၆၈၇၅.၃ | ၀.၄ | ၅၆.၉ | ၁၂၉၄၈.၇ | ၀.၃ | -၂၃.၃ |
| | ၅ ဆောက်လုပ်မှု | ၂၂၄၄၀၀.၈ | ၄.၇ | ၄.၄ | ၂၀၉၆၉၃.၂ | ၄.၀ | -၆.၆ |
| **၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၄၆၀၀၉၃.၂** | **၃၀.၅** | **၁၃.၄** | **၁၆၈၁၇၄၉.၉** | **၃၂.၅** | **၁၅.၂** |
| | ၁ ပို့ဆောင်ရေး | ၂၇၃၈၆၈.၂ | ၅.၇ | ၁၅.၀ | ၃၁၅၁၆၇.၈ | ၆.၁ | ၁၅.၁ |
| | ၂ ဆက်သွယ်ရေး | ၁၄၃၃၇၃.၉ | ၃.၀ | ၁၁၁.၁ | ၂၁၉၆၈၂.၆ | ၄.၂ | ၅၃.၂ |
| | ၃ ငွေရေးကြေးရေး | ၃၁၃၇.၇ | ၀.၁ | ၇၁.၉ | ၃၁၆၃.၆ | ၀.၁ | ၀.၈ |
| | ၄ လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၄၄၈၄.၂ | ၁.၆ | ၁၀.၅ | ၉၄၇၁၉.၆ | ၁.၈ | ၂၇.၂ |
| | ၅ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၇၉၆၉၄.၅ | ၁.၆ | ၁၂.၀ | ၈၉၉၈၂.၁ | ၁.၈ | ၁၂.၉ |
| | ၆ ကုန်သွယ်မှု | ၈၈၅၅၃၄.၇ | ၁၈.၅ | ၅.၃ | ၉၅၉၀၃၄.၂ | ၁၈.၅ | ၈.၃ |
| **၄** | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)** | **၄၇၈၀၆၅၁.၆** | **၁၀၀.၀** | **၈.၀** | **၅၁၇၀၃၁၉.၀** | **၁၀၀.၀** | **၈.၂** |

**ပူးတွဲဇယား (၃)**

## မကွေးတိုင်းဒေသကြီး၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်း
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

တန်ဖိုး - ကျပ်သန်း

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **ထုတ်လုပ်မှုတန်ဖိုး** | **၃၃၂၀၅၅၈.၄** | **၆၉.၅** | **၅.၈** | **၃၄၈၈၅၆၉.၁** | **၆၇.၅** | **၅.၁** |
| | ၁ လယ်ယာ | ၁၈၅၉၆၈၂.၇ | ၃၈.၉ | ၂.၅ | ၁၉၁၀၅၁၀.၂ | ၃၇.၀ | ၂.၇ |
| | ၂ သားငါး | ၂၇၂၉၀၀.၇ | ၅.၇ | ၇.၆ | ၃၀၅၁၄၆.၄ | ၅.၉ | ၁၁.၈ |
| | ၃ သစ်တော | ၈၈၃၅.၃ | ၀.၂ | -၅.၀ | ၆၀၅၃.၆ | ၀.၁ | -၃၁.၅ |
| | ၄ စွမ်းအင် | ၂၁၅၇၉.၀ | ၀.၄ | ၃၂.၅ | ၁၉၄၂၂.၉ | ၀.၄ | -၁၀.၀ |
| | ၅ သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၈၄၂.၂ | ၀.၁ | ၃.၀ | ၄၂၃၉.၄ | ၀.၁ | ၁၀.၃ |
| | ၆ စက်မှုလက်မှု | ၉၁၂၄၄၂.၄ | ၁၉.၁ | ၁၂.၁ | ၁၀၂၀၅၅၄.၇ | ၁၉.၇ | ၁၁.၈ |
| | ၇ လျှပ်စစ်ဓာတ်အား | ၁၆၈၇၅.၃ | ၀.၄ | ၅၆.၉ | ၁၂၉၄၈.၇ | ၀.၃ | -၂၃.၃ |
| | ၈ ဆောက်လုပ်မှု | ၂၂၄၄၀၀.၈ | ၄.၇ | ၄.၄ | ၂၀၉၆၉၃.၂ | ၄.၀ | -၆.၆ |
| **၂** | **ဝန်ဆောင်မှုတန်ဖိုး** | **၅၇၄၅၅၈.၅** | **၁၂.၀** | **၂၈.၇** | **၇၂၂၇၁၅.၇** | **၁၄.၀** | **၂၅.၈** |
| | ၁ ပို့ဆောင်ရေး | ၂၇၃၈၆၈.၂ | ၅.၇ | ၁၅.၀ | ၃၁၅၁၆၇.၈ | ၆.၁ | ၁၅.၁ |
| | ၂ ဆက်သွယ်ရေး | ၁၄၃၃၇၃.၉ | ၃.၀ | ၁၁၁.၁ | ၂၁၉၆၈၂.၆ | ၄.၂ | ၅၃.၂ |
| | ၃ ငွေရေးကြေးရေး | ၃၁၃၇.၇ | ၀.၁ | ၇၁.၉ | ၃၁၆၃.၆ | ၀.၁ | ၀.၈ |
| | ၄ လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၄၄၈၄.၂ | ၁.၆ | ၁၀.၅ | ၉၄၇၁၉.၆ | ၁.၈ | ၂၇.၂ |
| | ၅ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၇၉၆၉၄.၅ | ၁.၆ | ၁၂.၀ | ၈၉၉၈၂.၁ | ၁.၈ | ၁၂.၉ |
| **၃** | **ကုန်သွယ်မှုတန်ဖိုး** | **၈၈၅၅၃၄.၇** | **၁၈.၅** | **၅.၃** | **၉၅၉၀၃၄.၂** | **၁၈.၅** | **၈.၃** |
| **၄** | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)** | **၄၇၈၀၆၅၁.၆** | **၁၀၀.၀** | **၈.၀** | **၅၁၇၀၃၁၉.၀** | **၁၀၀.၀** | **၈.၂** |

**ပူးတွဲဇယား (၄)**

## မကွေးတိုင်းဒေသကြီး၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်း
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက် ဈေးနှုန်းအရ)

တန်ဖိုး - ကျပ်သန်း

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၆ | ၇ | ၈ |
| **၁** | **ထုတ်လုပ်မှုတန်ဖိုး** | **၃၈၄၉၃၆၂. ၅** | **၇၀. ၂** | **၄၂၃၈၂၁၇. ၃** | **၆၉. ၁** | **၁၀. ၁** |
| | ၁ လယ်ယာ | ၂၀၈၅၅၂၃. ၀ | ၃၈. ၀ | ၂၂၂၅၉၅၂. ၈ | ၃၆. ၃ | ၆. ၇ |
| | ၂ သားငါး | ၃၀၁၄၅၃. ၉ | ၅. ၅ | ၃၄၈၃၄၅. ၇ | ၅. ၇ | ၁၅. ၆ |
| | ၃ သစ်တော | ၉၅၉၅. ၈ | ၀. ၂ | ၆၆၀၂. ၀ | ၀. ၁ | -၃၁. ၂ |
| | ၄ စွမ်းအင် | ၁၀၅၉၆၇. ၈ | ၁. ၉ | ၁၀၇၂၄၉. ၁ | ၁. ၇ | ၁. ၂ |
| | ၅ သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၇၃၅. ၄ | ၀. ၁ | ၄၇၂၁. ၄ | ၀. ၁ | ၂၆. ၄ |
| | ၆ စက်မှုလက်မှု | ၁၀၈၅၄၅၈. ၇ | ၁၉. ၈ | ၁၂၅၃၈၅၉. ၁ | ၂၀. ၄ | ၁၅. ၅ |
| | ၇ လျှပ်စစ်ဓာတ်အား | ၂၂၇၆၅. ၁ | ၀. ၄ | ၃၅၆၄၃. ၅ | ၀. ၆ | ၅၆. ၆ |
| | ၈ ဆောက်လုပ်မှု | ၂၃၄၈၆၂. ၈ | ၄. ၃ | ၂၅၅၈၄၃. ၇ | ၄. ၂ | ၈. ၉ |
| **၂** | **ဝန်ဆောင်မှုတန်ဖိုး** | **၅၅၁၇၁၀. ၆** | **၁၀. ၀** | **၆၅၃၇၉၉. ၁** | **၁၀. ၆** | **၁၈. ၅** |
| | ၁ ပို့ဆောင်ရေး | ၃၂၇၁၅၇. ၂ | ၆. ၀ | ၃၇၉၅၆၈. ၇ | ၆. ၂ | ၁၆. ၀ |
| | ၂ ဆက်သွယ်ရေး | ၄၆၆၀၈. ၁ | ၀. ၈ | ၃၈၇၁၇. ၅ | ၀. ၆ | -၁၆. ၉ |
| | ၃ ငွေရေးကြေးရေး | ၂၄၃၁. ၀ | ၀. ၀ | ၂၄၅၂. ၀ | ၀. ၀ | ၀. ၉ |
| | ၄ လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၈၂၄၈. ၉ | ၁. ၆ | ၁၂၄၇၈၃. ၅ | ၂. ၀ | ၄၁. ၄ |
| | ၅ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၈၇၂၆၅. ၄ | ၁. ၆ | ၁၀၈၂၇၇. ၄ | ၁. ၈ | ၂၄. ၁ |
| **၃** | **ကုန်သွယ်မှုတန်ဖိုး** | **၁၀၈၄၂၅၄. ၅** | **၁၉. ၈** | **၁၂၄၇၁၁၅. ၉** | **၂၀. ၃** | **၁၅. ၀** |
| **၄** | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)** | **၅၄၈၅၃၂၇. ၆** | **၁၀၀. ၀** | **၆၁၃၉၁၃၂. ၃** | **၁၀၀. ၀** | **၁၁. ၉** |

**ပူးတွဲဇယား (၅)**

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်း**
**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

တန်ဖိုး - ကျပ်သန်း

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင်ကဏ္ဍ | ၁၉၁၉၇၉ | ၂၃. ၈ | ၃၀၄၀၂၈ | ၂၆. ၈ |
| ၂ | သမဝါယမပိုင်ကဏ္ဍ | ၅၁ | ၀. ၀၁ | ၅၇ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင်ကဏ္ဍ | ၆၁၄၉၈၂ | ၇၆. ၂ | ၈၃၁၃၁၃ | ၇၃. ၂ |
| **၄** | **စုစုပေါင်း** | **၈၀၇၀၁၂** | **၁၀၀. ၀** | **၁၁၃၅၃၉၈** | **၁၀၀. ၀** |

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်
# မကွေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ
# ( ၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မကွေးတိုင်းဒေသကြီးအတွင်း ခွင့်ပြုချထားပေးသည့် ယစ်မျိုးခွန်များ စနစ်တကျကောက်ခံနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မကွေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မကွေးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုလိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုလိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကို ဆိုလိုသည်။

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအမှူးကို ဆိုလိုသည်။

(င) **ယစ်မျိုးခွန်**ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်များကို ဆိုလိုသည်။

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း (Excisable Article)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် ဖွင့်ဆိုထားသည့် အရက် အပါအဝင် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုလိုသည်။

(ဆ) **ယစ်မျိုးကုန်ပစ္စည်း (Excisable goods)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၏ ဒုတိယဇယားတွင် ယစ်မျိုးခွန်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်ကုန်ပစ္စည်းကို ဆိုလိုသည်။

(ဇ) **အရက် (Alcoholic Liquor)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့်အရာများ အပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟု သတ်မှတ်ထားသောအရာများကို ဆိုလိုသည်။

(ဈ) **ဘီယာ (Alc. Stout Porter)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့်အရာများ အပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသောအရာများကို ဆိုလိုသည်။

(ည) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပြန် ပါဝင်သော မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုလိုသည်။

(ဠ) **ထန်းရည် (Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့် အပင်အမျိုးမျိုးမှထွက်သော အရည်ကို ဆိုလိုသည်။

(ဋ) **တည်အရက် (Fermented Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အယ်လ်ကိုဟော ပါဝင်သည့် အရက်ကို ဆိုလိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့ ပါဝင်သည်။

(ဍ) **သောက်ပျော်သောအရက် (Potable Alcoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အယ်လ်ကိုဟော ပါဝင်သည့် အရက်တစ်ရပ်ရပ်ကို ဆိုလိုသည်။

(ပ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လူတို့သောက်သုံးရန်မသင့်အောင် ပြုပြင်ပြီးသည်ကို ဆိုလိုသည်။ (စက်မှုလက်မှုသုံး)

(ဏ) **ချက်လုပ်ခြင်း**ဆိုသည့် စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိစေရန် (သို့မဟုတ်) ရရှိစေရန် ပြုလုပ်ခြင်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ ပါဝင်သည်။

(၂) ပြန်၍ပေါင်းခံခြင်း (Redistillation)။

(၃) အယ်လ်ကိုဟောပါဝင်သည့်အရက်ကို ပြုပြင်ခြင်း၊ အနံ့/အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု (Retail and Whole Sale)** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အခြင်အတွယ်အတိုင်း ရောင်းချခြင်းကို ဆိုလိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုလိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရက်သေစာသောက်စားသောအလေ့အထ ပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊

(ခ) သေရည်သေရက်ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှု မရှိစေရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှာ အခွန်ငွေရရှိစေရန်အလို့ငှာသာမဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်းစေရန်၊ သေရည်သေရက်ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူစေရန်၊

(ဃ) တိုင်းဒေသကြီးမှ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ အပြည့်အဝရရှိစေရန်။

## အခန်း (၃)
## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်းပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဤဥပဒေပါ နောက်ဆက်တွဲဇယားအတိုင်း ကောက်ခံရန် သတ်မှတ်သည်။

၅။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၅၀၀၀၀၀ အထိ ပေးသွင်းရန် သတ်မှတ်ထားခြင်း ခံရပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေပေးသွင်း ရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၅၀၀၀၀၀ အထက်မှ ကျပ် ၃၀၀၀၀၀၀ အထိ ပေးသွင်းရန် သတ်မှတ်ထားခြင်းခံရပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်းပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေပေးသွင်းရမည်။

၈။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၃၀၀၀၀၀၀ အထက် ပေးသွင်းရန် သတ်မှတ် ထားခြင်းခံရပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်းပေးသွင်း ရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၉။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေ ပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

## အခန်း (၄)
## အထွေထွေ

၁၀။ ယစ်မျိုးခွန်စီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို အစိုးရအဖွဲ့၏ သဘော တူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ရမည်။

၁၁။ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးသည် ယစ်မျိုးခွန်အပြည့်အဝကောက်ခံရရှိစေရန် အဆင့်ဆင့်သော စိစစ်ကြပ်မတ်ရေးအဖွဲ့များကို အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကြီးကြပ်ဆောင်ရွက်ရမည်။

၁၂။ ယစ်မျိုးခွန်များကို ပေးဆောင်ရန် ပျက်ကွက်လျှင် လိုင်စင်စည်းကမ်းနှင့်အညီ အရေးယူရမည့်အပြင် ပေးဆောင်ရန်ကျန်ရှိသော ယစ်မျိုးခွန်ငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၁၃။ တာဝန်ရှိသူအဆင့်ဆင့်သည် ယစ်မျိုးခွန်ငွေများကို ကောက်ခံရာတွင် လိုအပ်သော စည်းမျဉ်း၊ စည်းကမ်းချက်များ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရန် ပျက်ကွက်လျှင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

၁၄။ ယစ်မျိုးခွန်နှင့်စပ်လျဉ်း၍ ယခင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ဝန်ကြီး၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ၊
ဝန်ကြီးချုပ်၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

နောက်ဆက်တွဲဇယား

## မကွေးတိုင်းဒေသကြီးအတွင်း (၁. ၄. ၂၀၁၄) ရက်နေ့မှ စတင်ကောက်ခံမည့် ယစ်မျိုးလိုင်စင်ခွန်နှုန်းထားများ

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | ကောက်ခံမည့် နှုန်းထား (ကျပ်) |
|---|---|---|---|
| ၁ | D-1<br>ဒီ-၁ | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့် လိုင်စင် | ၄၅၀၀၀၀၀ |
| ၂ | FL-6<br>အက်ဖ်အယ်လ်-၆ | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit)ကို လက်ကားရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀၀ |
| ၃ | FL-8<br>အက်ဖ်အယ်လ်-၈ | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့် လိုင်စင် | ၁၀၀၀၀၀၀ |
| ၄ | FL-8A<br>အက်ဖ်အယ်လ်-၈အေ | ပြည်ပမှတင်သွင်းသောဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | ၈၀၀၀၀၀ |
| ၅ | FL-9<br>အက်ဖ်အယ်လ်-၉ | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၅၅၀၀၀၀ |
| ၆ | FL-9A<br>အက်ဖ်အယ်လ်-၉အေ | ပြည်ပမှတင်သွင်းသောဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၄၅၀၀၀၀ |
| ၇ | FL-11<br>အက်ဖ်အယ်လ်-၁၁ | နိုင်ငံခြားအရက်များ (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | ၅၅၀၀၀၀ |
| ၈ | FL-12<br>အက်ဖ်အယ်လ်-၁၂ | နိုင်ငံခြားအရက်များ (Foreign Spirit) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့် လိုင်စင် | ၃၀၀၀၀၀ |
| ၉ | FL-17<br>အက်ဖ်အယ်လ်-၁၇ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့် နားနေခန်းဘူတာ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားစားသောက်တွဲနှင့် စားသောက်ဆိုင်ဥပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၈၀၀၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | ကောက်ခံမည့် နှုန်းထား (ကျပ်) |
|---|---|---|---|
| ၁၀ | D1-A<br>ဒီ-၁ (အေ) | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်၊ လိုင်စင်ရရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် | ၁၂၀၀၀၀၀ |
| ၁၁ | CS-2A<br>စီအက်စ်- ၂အေ | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက်၊ စက်ရုံထွက် အရက် (အရက်ဖြူ) ကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀ |
| ၁၂ | CFL-2A<br>စီအက်ဖ်အယ်လ်-၂အေ | ထန်းရည်/ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ |
| ၁၃ | CFL-1<br>စီအက်ဖ်အယ်လ်-၁ | ထန်းရည်၊ ဓနိရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာတွင် သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ |
| ၁၄ | CS-1<br>စီအက်စ်-၁ | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ |
| ၁၅ | CS-2<br>စီအက်စ်-၂ | အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ |
| ၁၆ | CS-3<br>စီအက်စ်-၃ | မြန်မာပြည်တွင်းရှိ အရက်ဖိုများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ |
| ၁၇ | FL-10<br>အက်ဖ်အယ်လ်-၁၀ | ဗျစ်ရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ |

# မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက် )

**နိဒါန်း**

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား ၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း သွားလာသည့် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မရှင်**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီကို ဖွဲ့စည်းပေးရန်အတွက် ဝန်ကြီးက ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဆ) **ကော်မတီရုံး**ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်။

(ဇ) **ရုံးအကြီးအကဲ**ဆိုသည်မှာ ကော်မတီမှ ခန့်ထားသော ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဈ) **ရေယာဉ်**ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့် လူနှင့်ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့် ဝါးဖောင်များလည်း ပါဝင်သည်။

(ည) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေကြသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရေယာဉ်ပိုင်ဆိုင်ခွင့်ရှိသည့် ရေယာဉ်၏ပိုင်ရှင်ကို ဆိုသည်။

(ဋ) **ရေယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်၌ ပြေးဆွဲလုပ်ကိုင်နေသော ပုဂ္ဂလိကရေယာဉ်များ၏ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့် ရေယာဉ်လုပ်သားအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခန့်ထားသူများကို ဆိုသည်။

(ဌ) **ရေယာဉ်လုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကရေယာဉ်ကိုအသုံးပြု၍ ဥပဒေနှင့်အညီ လုပ်ကိုင်သော မည်သည့်စီးပွားရေးလုပ်ငန်းမဆို ပါဝင်သည်။

(ဍ) **ရေယာဉ်လိုင်း**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂလိကရေယာဉ်များနှင့် ဖွဲ့စည်းထားသော ရေယာဉ်လိုင်းကို ဆိုသည်။

(ဎ) **ပုဂ္ဂလိကရေယာဉ်**ဆိုသည်မှာ နိုင်ငံတော်ပိုင် ရေယာဉ်မှတစ်ပါး ကျန်ပုဂ္ဂလိကပိုင်၊ ကုမ္ပဏီပိုင်၊ အသင်းအဖွဲ့ပိုင် ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ရေယာဉ်များ ဆိပ်ကမ်းအတွင်း ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းတို့အတွက် အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကိုဆိုသည်။

(တ) **ကုန်စည်**ဆိုသည်မှာ ရောင်းဝယ်ဖောက်ကားသည့် ကုန်ပစ္စည်းအမျိုးမျိုးနှင့် ယင်းတို့ကိုထည့်သွင်းသည့် သေတ္တာများ သို့မဟုတ် အထုပ်အပိုးများ၊ ယင်းတို့ကို ချည်နှောင်ထားသည့်အရာများ၊ စက်သုံးဆီများ၊ သက်ရှိ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဂ္ဂလိကရေယာဉ်များ စနစ်တကျဖြင့် စည်းကမ်းရှိစွာပြေးဆွဲနိုင်ရန်၊

(ခ) ခရီးသွားလုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်၊

(ဂ) ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရန်၊

(ဃ) ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ရရှိပြီး တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(င) ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်လုပ်သားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း (၃)
## ကော်မရှင် ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးပုဂ္ဂလိကရေယာဉ်များ ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် သင့်လျော်သောပုဂ္ဂိုလ် အနည်းဆုံး (၇) ဦးမှ အများဆုံး (၉) ဦးဖြင့် ကော်မရှင်ကို ဖွဲ့စည်းရမည်။

၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဝင်များ ပါဝင်သော အနည်းဆုံး ၅ ဦးမှ အများဆုံး ၇ ဦးဖြင့် ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲကော်မရှင်များကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၆။ ကော်မရှင်သည် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲအလိုက် ပုဂ္ဂလိကရေယာဉ်များ ကြီးကြပ်ရေးကော်မတီများကို လိုအပ်သလို ရွေးချယ်ဖွဲ့စည်းပေးရမည်။

## အခန်း (၅)
## ကော်မတီ ဖွဲ့စည်းခြင်း

၇။ ကော်မရှင်သည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း ရွေးချယ်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲရေယာဉ်များကြီးကြပ်ရေး ကော်မတီကို ဖွဲ့စည်းနိုင်သည်။ ထို့အပြင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းတို့လည်း ပြုနိုင်သည်။

၈။ ကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်များ အရည်အချင်း၊ ကော်မတီဝင်အရေအတွက်နှင့် လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရန် နည်းလမ်းများကို နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

၉။ ကော်မတီ၏သက်တမ်းမှာ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ ၃နှစ် ဖြစ်သည်။ ကော်မတီအသစ် ရွေးချယ်ပေးသည့်အခါတိုင်း ကော်မတီအဟောင်းသည် ကော်မတီအသစ်ထံသို့ တာဝန်နှင့် လုပ်ငန်းအရပ်ရပ်၊ ခံစားပိုင်ခွင့်အရပ်ရပ်ကို ၁၅ ရက်အတွင်း စနစ်တကျလွှဲပြောင်းပေးရမည်။

## အခန်း (၆)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၀။ ကော်မတီ၏လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊

(ခ) ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေး၊

(ဂ) ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်သားများ၏ လူမှုဘဝတိုးတက်စေရန် ဆောင်ရွက်ရေး၊

(ဃ) ရေယာဉ်လိုင်းများ စနစ်တကျရှိရေး၊

(င) ရေယာဉ်များ စည်းကမ်းတကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရေး၊

(စ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော ခေတ်မီပို့ဆောင်ရေးစနစ် ဖြစ်ထွန်းစေရေး၊

(ဆ) လုပ်ငန်းအစီအစဉ်ရေးဆွဲရေး၊ ရေယာဉ်လိုင်းများ မှတ်ပုံတင်ရေး၊ မှတ်ပုံတင်ပြီးသော ရေယာဉ်များ လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး၊

(ဇ) ကော်မတီ၏ ရန်ပုံငွေနှင့် အဆောက်အဦ၊ ပစ္စည်းများ သုံးစွဲထိန်းသိမ်းခြင်းများကို နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲရေး၊

(ဈ) ရေယာဉ်လုပ်ငန်းများ အစဉ်တိုးတက်စေရန်အတွက် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လုပ်ငန်းများ တိုးချဲ့တည်ထောင်ရေး၊

(ည) ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် အကျုံးဝင်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်သားများ တည်ဆဲဥပဒေနှင့်အညီ လိုက်နာစေရန်ညွှန်ကြားမှုပြုရေး၊

(ဋ) ခရီးသည်နှင့်ရေယာဉ်များ ဘေးအန္တရာယ်ကျရောက်ပါက အချိန်မီကယ်ဆယ်စောင့်ရှောက်နိုင်ရန် အတွက် ကြိုတင်စီမံဆောင်ရွက်ရေး၊

(ဌ) အစိုးရအဖွဲ့က အခါအားလျော်စွာသတ်မှတ်ပေးသည့် တိုင်းဒေသကြီးဖွံ့ဖြိုးရေးနှင့် လူမှုရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အခန်း (၇)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၁။ ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် -

(က) ရေယာဉ်လိုင်းပြေးဆွဲလုပ်ကိုင်လိုသော ပုဂ္ဂိုလ်၊ အသင်းအဖွဲ့များနှင့်ကုမ္ပဏီများ၏ လျှောက်လွှာများကို လက်ခံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်တင်ပြခြင်း၊

(ခ) ရေယာဉ်လိုင်းနှင့် ပုဂ္ဂလိကရေယာဉ်များကို စနစ်တကျရှိစေရေး၊ အဆင်ပြေချောမွေ့စေရေး အတွက် စီမံဆောင်ရွက်ခြင်း၊ စစ်ဆေးအရေးယူခြင်း၊

(ဂ) ကော်မတီအဆင့်ဆင့်တို့အား ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဃ) ရေယာဉ်ပိုင်ရှင်များ၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းခြင်း၊ ဖြေရှင်းပေးခြင်း၊

(င) ရေယာဉ်ပိုင်ရှင်များ၏ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ခရီးသည်များနှင့် ကုန်စည်ပိုင်ရှင်များ၏ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တိုင်ကြားချက်ကို လက်ခံစစ်ဆေး အရေးယူခြင်း။

## အခန်း (၈)
## ရေယာဉ်လိုင်း၊ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်လုပ်သားတို့၏ လုပ်ငန်းတာဝန်နှင့် ရပိုင်ခွင့်များ

၁၂။ ရေယာဉ်လိုင်း၊ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်လုပ်သားတို့၏ လုပ်ငန်းတာဝန်နှင့် ရပိုင်ခွင့်များတို့ကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) ရေယာဉ်လိုင်း ပြေးဆွဲခွင့်ရရှိသော ရေယာဉ်များသည် သက်ဆိုင်ရာဌာနများနှင့်ပတ်သက်သော စာရွက်စာတမ်းများ ပြည့်စုံရမည်ဖြစ်ပြီး လိုအပ်သော လိုင်စင်များ သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) ရေယာဉ်လိုင်းပြေးဆွဲခွင့်ရရှိသော ရေယာဉ်များသည် ပုံမှန်လစဉ်ကြေးများ၊ ခရီးစဉ်အလိုက် ပေးဆောင်ရမည့် စည်းကြပ်ခများကို မပျက်မကွက်ပေးဆောင်ရန် တာဝန်ရှိသည်။

(ဂ) ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များ၊ ကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များအား လိုက်နာရန် တာဝန်ရှိသည်။

(ဃ) ရေယာဉ်များ၏ တင်ဆောင်ခွင့်ပြုထားသည့် ခရီးသည်နှင့် ကုန်စည်များအား ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရန် တာဝန်ရှိသည်။

(င) ခရီးသည်များနှင့် ကုန်စည်များ၏ လုံခြုံမှုနှင့် ဘေးအန္တရာယ်ကြုံလာပါက အရေးပေါ်စီမံချက် အတိုင်း ဆောင်ရွက်ရန် တာဝန်ရှိသည်။

(စ) ရေယာဉ်လုပ်သားများ တာဝန်ထမ်းဆောင်နေစဉ် သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းရှိပါက သင့်လျော် သော ထောက်ပံ့ကြေးများကို နည်းဥပဒေနှင့်အညီ ခံစားခွင့်ရှိသည်။

(ဆ) ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်သားများ လုပ်ငန်းဆောင်ရွက်ရာတွင် နစ်နာမှုရှိပါက ကော်မတီ အဆင့်ဆင့်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဇ) ရေယာဉ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများ လူမှု ဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များအား ကော်မတီသို့ တင်ပြခွင့်ရှိသည်။

## အခန်း (၉)

## ဘဏ္ဍာရေး

၁၃။ ကော်မတီသည် ရန်ပုံငွေရှာဖွေခြင်း၊ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးမှုခံယူခြင်းတို့ကို နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ကော်မတီသည် မိမိရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ် သို့မဟုတ် ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ထားရမည်။

၁၅။ ကော်မတီသည် ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများ၊ ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများတွင် နည်းဥပဒေနှင့်အညီ ငွေကြေးသုံးစွဲနိုင်သည်။

၁၆။ ကော်မတီသည် စုဆောင်းထားရှိသည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွားစေရန် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

## အခန်း (၁၀)

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၇။ ကော်မတီသည် ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

( ခ ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၉။ ပုဒ်မ ၁၈ ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ကော်မတီသည် တိုင်းဒေသကြီး ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရေယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားခြင်း ပြုနိုင်သည်။

၂၀။ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်အပေါ် မကျေနပ်ပါက ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ တင်ပြနိုင်သည်။ ဝန်ကြီးသည် ကော်မတီ၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။ ဝန်ကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၂)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၁။ မည်သူမဆို ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ရေယာဉ်လိုင်း တည်ထောင်ပြေးဆွဲခြင်းမပြုရ။ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူအား တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၂။ မည်သူမဆို ဤကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်လိုင်းတစ်ခုခုသို့ ဝင်ရောက်ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းအနေဖြင့် ရေယာဉ်ပြေးဆွဲခြင်းမပြုရ။ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူအား ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၃။ ပုဒ်မ ၂၂ ပါ ပြစ်မှုကို ထပ်မံကျူးလွန်သည့်ပြစ်မှုများအတွက် ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ထိုသူအား တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၄။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရားဆောင်ရွက်ရန် အားထုတ်နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝင် ဝန်ထမ်းကို ဟန့်တားနှောင့်ယှက်မှု သို့မဟုတ် လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၅။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၃)

## အထွေထွေ

၂၆။ ကော်မတီသည် ကိုယ်ပိုင်အမည်ဖြင့် ဥပဒေနှင့်အညီ ဆက်ခံခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့် ရှိစေရမည်။

၂၇။ ဤဥပဒေပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃နှင့် ပုဒ်မ ၂၄ အရ အရေးယူသောပြစ်မှုကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၈။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်နိုင်သည်။

၂၉။ ကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် နည်းဥပဒေနှင့်အညီ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

# မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂ ။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(စ) **ကော်မတီဝင်**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျစီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်ကို ဆိုသည်။

(ဆ) **ဦးစီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီးဦးစီးဌာနမှူး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဈ) **ဆိပ်ကမ်း**ဆိုသည်မှာ ကမ်းနားနယ်တွင်ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များတင်ချနိုင်ရေးအတွက် ရေယာဉ်များဆိုက်ကပ်ရန်အလို့ငှာ ဆိပ်ကမ်းများအက်ဥပဒေအရဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုကို ဆိုသည်။

(ည) **သင်္ဘောဆိပ်**ဆိုသည်မှာ ရေယာဉ်များဆိုက်ကပ်၍ လူနှင့်ကုန်ပစ္စည်းများ တင်နိုင်ချနိုင်သည့်နေရာကို ဆိုသည်။

(ဋ) **ဆိပ်ခံ**ဆိုသည်မှာ ရေယာဉ်များဆိုက်ကပ်၍ လူနှင့်ကုန်ပစ္စည်းများ တင်နိုင်ချနိုင်ရန် မြစ်ကမ်းတွင် တည်ဆောက်ထားသော ဆိပ်ခံသင်္ဘော သို့မဟုတ် ဆိပ်ခံဖောင်ကို ဆိုသည်။

(ဌ) **ဆိပ်ကမ်းနယ်**ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များ တင်ချရေးအတွက် ရေယာဉ်များ ဆိုက်ကပ်ရန်အလို့ငှာ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်ပေးထားသည့် နယ်နိမိတ် သို့မဟုတ် သတ်မှတ်ထားခြင်းမရှိပါက

မြစ်ရေတက်ချိန်တွင် မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံး ပုံမှန်ရေမြင့် အမှတ် ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ (၁၅၀) အထိရသော နယ်နိမိတ်ကို ဆိုသည်။

(ဍ) **ဆိပ်ခံတံတား**ဆိုသည်မှာ ရေယာဉ်များဆိုက်ကပ်၍ လူနှင့်ကုန်ပစ္စည်းများ တင်ချနိုင်ရန် ဆိပ်ကမ်းနှင့် ဆက်စပ်၍ မြစ်တွင်းသို့ တည်ဆောက်ထားသောတံတားကို ဆိုသည်။

(ဎ) **ဖောတံတား**ဆိုသည်မှာ ဆိပ်ခံတွဲကို ရေယာဉ်များဆိုက်ကပ်ပြီး လူနှင့်ကုန်ပစ္စည်းများ တင်ချနိုင်သည့် မြစ်တွင်းတွင် ကျောက်ချ၍ ကမ်းနှင့်ဆက်စပ်တည်ဆောက်ထားသော တံတားကို ဆိုသည်။

(ဏ) **ရေဆင်းတံတား**ဆိုသည်မှာ လှေသမ္ဗန်များ ဆိုက်ကပ်နိုင်ပြီး လူများ ရေချိုး၊ ရေခပ် ပြုလုပ်နိုင်သည့် တံတားကို ဆိုသည်။

(တ) **ကမ်းပါးနယ်**ဆိုသည်မှာ ရေစစ်မျဉ်းနှင့် ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှော ကမ်းပါးကို ဆိုသည်။

(ထ) **ကမ်းနားနယ်**ဆိုသည်မှာ ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် ဤဥပဒေနှင့်အညီ သတ်မှတ်သည့် မြေနယ်နိမိတ်ကို ဆိုသည်။

(ဒ) **ရေယာဉ်**ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့် လူနှင့်ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့် ဝါးဖောင်များလည်း ပါဝင်သည်။

(ဓ) **မြစ်ချောင်းနယ်**ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးနှစ်ခုအတွင်းရှိ ရေပြင်ကို ဆိုသည်။ ယင်းစကားရပ်တွင် မြစ်ချောင်းအတွင်းရှိ ရေမြုပ်သောင်၊ ရေပေါ်သောင်နှင့် ကျွန်းများလည်း ပါဝင်သည်။ သို့ရာတွင် ကုန်းနှင့်တစ်ဆက်တည်းရှိသော ကျွန်းများ မပါဝင်။

(န) **လွှန်းလမ်း**ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေယာဉ်အား လွှန်းတင်၍ ပြင်ဆင်ရန် အလုပ်ရုံသို့ သယ်ယူပို့ဆောင်သောလမ်းကို ဆိုသည်။

(ပ) **သင်္ဘောကျင်း**ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေယာဉ်များ ပြုပြင်ခြင်း၊ တည်ဆောက်ခြင်းပြုလုပ်သည့် အလုပ်ရုံကို ဆိုသည်။

(ဖ) **ကုန်စည်**ဆိုသည်မှာ ရောင်းဝယ်ဖောက်ကားသည့် ကုန်ပစ္စည်းအမျိုးမျိုးနှင့် ယင်းတို့ကို ထည့်သွင်းသည့် သေတ္တာများ သို့မဟုတ် အထုပ်အပိုးများ ယင်းတို့ကိုချည်နှောင်ထားသည့်အရာများ၊ စက်သုံးဆီများ၊ သက်ရှိ ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ ပါဝင်သည်။

(ဗ) **ပိုင်ရှင်**ဆိုသည်မှာ ရေယာဉ်၏ ပိုင်ရှင်ကိုလည်းကောင်း၊ ထိုပိုင်ရှင်ထံမှ ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းအတွက် တာဝန်ယူငှားရမ်းထားပြီးသူဖြစ်သည့်အပြင် သင်္ဘောပိုင်ရှင်အပေါ် တင်ရှိမည့် တာဝန်နှင့်ဝတ္တရားများကို လွှဲပြောင်းခံယူပါမည်ဟု သဘောတူထားပြီးသူကိုသော် လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်နှင့်စပ်လျဉ်း၍ သုံးစွဲသည့်အခါ ကုန်စည် တင်ပို့သူ၊ ကုန်စည်လက်ခံသူ၊ သင်္ဘောပေါ် ကုန်စည်တင်ပေးသူ သို့မဟုတ် ထိုကုန်စည်ကို ရောင်းချခြင်း၊ ထိန်းသိမ်းထားခြင်း၊ ဆိပ်ကမ်း၌ ကုန်စည်အတင်အချပြုလုပ်ခြင်း သို့မဟုတ် ရေယာဉ်ပြောင်းတင်ခြင်းတို့အတွက် ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခြင်းခံရသူလည်း ပါဝင်သည်။

(ဘ) **ဆိပ်ကမ်းဝန်ဆောင်ခ**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းဝန်ဆောင်ခများကို ဆိုသည်။

(မ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ရေယာဉ်များ၊ ဆိပ်ကမ်းအတွင်းဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းတို့အတွက် အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ယ) **ကော်မတီခွဲ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီမှအပ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များတွင် ဖွဲ့စည်းထားသော ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျစီမံခန့်ခွဲနိုင်ရန်၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများကို ပြည်သူများ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျထိန်းသိမ်းကာကွယ်ရန်၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(င) ဆိပ်ကမ်းနယ်မြေအတွင်း ဝင်ထွက်သွားလာနေသော ရေယာဉ်များ စနစ်တကျဆိုက်ကပ်နိုင်ရန်၊

(စ) သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များ သတ်မှတ်နိုင်ရေးအတွက် လမ်းညွှန်မှုပေးခြင်း၊

(ခ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ဆိပ်ခံများ စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် ဆိပ်ကမ်းကြီးကြပ်ရေး ကော်မတီကို ဖွဲ့စည်းပေးခြင်း၊

(ဂ) ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများနှင့်စပ်လျဉ်း၍ ကော်မတီ၏ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(င) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် မြေနေရာလျှောက်ထားလာမှုအပေါ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နေရာချထားသတ်မှတ်ခြင်း၊

(စ) ဆိပ်ကမ်းမြို့ကြီးများတွင် ရေကြီးရေလျှံမှုနှင့် ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်စေခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေး၊ လုံခြုံရေး၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့်

ယင်းလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်စေခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ရန်ညွှန်ကြားခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဏ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများနှင့်ဆက်စပ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ် အဖြစ် နယ်နိမိတ်သတ်မှတ်ကြေညာခြင်း၊

(တ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားလာသည့်အခါ ဦးစီးဌာနထောက်ခံချက်၊ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စိစစ်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း

၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် တိုင်းဒေသကြီး ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာလုပ်ငန်းရှင်ကြီးများနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ကော်မတီနှင့် ကော်မတီခွဲများ၏ ကော်မတီဝင်ဦးရေကို အနည်းဆုံး (၅) ဦးမှ (၁၅) ဦးထိ ဖွဲ့စည်းရမည်။

(ဂ) ဝန်ကြီးသည် ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးမှူးသည် ကော်မတီအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရမည်။

(ဃ) ကျန်ကော်မတီဝင်များမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးကို ကော်မတီအဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် တာဝန်ပေးအပ်ရမည်။ ရွေးချယ်နည်းစနစ်ကို နည်းဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

(င) ဖွဲ့စည်းထားသော ကော်မတီဝင်များအား အစားထိုးရန် လိုအပ်ပါက ရွေးချယ်သတ်မှတ် တာဝန်ပေးအပ်ရမည်။

(စ) ကော်မတီ၏ သက်တမ်းကို (၃) နှစ် သတ်မှတ်ရမည်။

## အခန်း (၅)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၆။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) လုပ်ငန်းများအကောင်အထည်ဖော်ရေး၊ ဆိပ်ကမ်းမြေအသုံးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှုမရှိစေရေး၊ စွန့်ပစ်ပစ္စည်းများထိန်းသိမ်းရေး၊ ဘေးအန္တရာယ်ကျရောက်မှုမှ လျော့နည်းပပျောက်စေရေး၊ ကျန်းမာရေး၊ ပညာရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ သန့်ရှင်းသာယာလှပရေး၊ လျှပ်စစ်၊ စွမ်းအင်နှင့် ရေရရှိရေးစသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ခ) ဤဥပဒေအရ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်သူများ၏ ပိုင်ဆိုင်သည့်ပစ္စည်းများ၊ အကျိုးအမြတ်များနှင့် အခြားအခွင့်အရေးများအား တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်းအတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ လုံခြုံရေး၊ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစီအမံများကို အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက် ရယူအကောင်အထည်ဖော်ခြင်းနှင့် လိုအပ်သောအသုံးစရိတ်ငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တောင်းခံခြင်း၊

(ဃ) လုပ်ငန်းလိုအပ်ချက်အရ လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ဆောင်ရွက်နိုင်ရန်ရှိသည့်လုပ်ငန်းများကို အစိုးရ၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ဤဥပဒေအရ ကောက်ခံရမည့် အခွန်အခအမျိုးအစားနှင့် နှုန်းထားများကို နည်းဥပဒေနှင့်အညီ သတ်မှတ်ခြင်းနှင့် ဤဥပဒေအရ ရရှိသော အခွန်အခများကို အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအဖြစ် ပေးသွင်းခြင်းကို ကြီးကြပ်ခြင်း၊

(စ) ကော်မတီသည် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီခွဲများကို နည်းဥပဒေနှင့်အညီ ဖွဲ့စည်းပေးခြင်း၊

(ဆ) ကော်မတီခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဝန်ကြီးကတစ်ဆင့် ဆောင်ရွက်ခြင်း၊

(စျ) ဆိပ်ကမ်းများ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

## အခန်း (၆)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၇။ ကော်မတီ၏လုပ်ပိုင်ခွင့်များ -

(က) ဆိပ်ကမ်းနယ်နှင့်ဆက်စပ်နေသည့် ကမ်းပါးနယ်၊ ကမ်းနားနယ်များတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများနှင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များအား စနစ်တကျမှတ်ပုံတင်၍ လုပ်ငန်းများ လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများတွင် လုပ်ငန်းများ လုပ်ကိုင်ရာတွင် စနစ်တကျရှိစေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဖွဲ့လိုက် ကွင်းဆင်းစစ်ဆေးအရေးယူခြင်း၊

(ဂ) ဒေသဆိုင်ရာနှင့် လုပ်ငန်းဆိုင်ရာ ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီခွဲ အဆင့်ဆင့်အား ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဃ) ရေယာဉ်အရွယ်အစားအလိုက်၊ ခရီးစဉ်အလိုက် သင်္ဘောဆိပ်များ၊ ဆိပ်ကမ်းများတွင် ဆိပ်ခံများ ထားရှိရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာအသုံးစရိတ်များကို ကော်မတီ၏ သဘောတူညီချက်ဖြင့် အသုံးပြုခြင်း၊

(စ) ကော်မတီ၏ စီမံခန့်ခွဲမှုနှင့်ဆက်နွယ်လျက်ရှိသော ဌာနများ၊ ရေယာဉ်များနှင့် ဆိပ်ကမ်းများက လိုက်နာရန် စည်းကမ်းများသတ်မှတ်ခြင်း၊

(ဆ) လုပ်ငန်းအမျိုးအစားအလိုက် ဆိပ်ကမ်းနေရာများ သတ်မှတ်ပေးခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်း၊

(စျ) ဤဥပဒေအရ ဆိပ်ကမ်းများကို သတ်မှတ်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များ ဆောင်ရွက်ရန်ရှိပါက ကော်မတီသည် အသေးစိတ်အစီရင်ခံစာနှင့်တကွ ဝန်ကြီးထံ တင်ပြပြီး ခွင့်ပြုချက်ရယူကာ စီမံဆောင်ရွက်နိုင်သည်။

## အခန်း (၇)
## ကော်မတီခွဲ၏လုပ်ငန်းတာဝန်များ

၈။ ကော်မတီခွဲသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) လုပ်ငန်းများ အကောင်အထည်ဖော်ရေး၊ ဆိပ်ကမ်းမြေအသုံးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှုမရှိစေရေး၊ စွန့်ပစ်ပစ္စည်းများထိန်းသိမ်းရေး၊ ဘေးအန္တရာယ်ကျရောက်မှုမှ လျော့နည်းပပျောက်စေရေး၊ ကျန်းမာရေး၊ ပညာရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ သန့်ရှင်းသာယာလှပရေး၊ လျှပ်စစ်၊ စွမ်းအင်နှင့် ရေရရှိရေးစသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် ကော်မတီသို့ တင်ပြခြင်း၊

(ခ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများလုံခြုံရေး၊ သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစီအမံများကို ကော်မတီထံ တင်ပြ၍ အတည်ပြုချက်ရယူ အကောင်အထည်ဖော်ခြင်း၊

(ဂ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များတွင် ဆိပ်ခံသမ္ဗန်များ သို့မဟုတ် ဆိပ်ခံဖောများ ထားရှိနိုင်ရေး အတွက် ကော်မတီထံတင်ပြခြင်း၊

(ဃ) ဆိပ်ကမ်းနယ်နှင့်ဆက်စပ်နေသည့် ကမ်းပါးနယ်၊ ကမ်းနားနယ်များမှ ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် ဆောင်ရွက်ခြင်း၊

(င) ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ် နယ်နိမိတ်အတွင်း ရေယာဉ်အလိုက်၊ လုပ်ငန်းအလိုက် နေရာချထားသတ်မှတ်ရေးကော်မတီထံ ထောက်ခံတင်ပြခြင်း။

## အခန်း (၈)
## ကော်မတီခွဲ၏လုပ်ပိုင်ခွင့်များ

၉။ ကော်မတီခွဲ၏လုပ်ပိုင်ခွင့်များ -

(က) ကမ်းပါးနယ်နှင့် ဆိပ်ကမ်းနယ်များတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများနှင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များအား စနစ်တကျမှတ်ပုံတင်၍ ကော်မတီထံ တင်ပြစေခြင်း၊

(ခ) ဤဥပဒေအရ စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်း၊ သင်္ဘောဆိပ်၊ ဆိပ်ခံတွင် လုပ်ငန်းများလုပ်ကိုင်ရာတွင် စနစ်တကျရှိစေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ အဖွဲ့လိုက် ကွင်းဆင်းစစ်ဆေးအရေးယူခြင်း၊

(ဂ) ကော်မတီခွဲ၏ စီမံခန့်ခွဲမှုနှင့်ဆက်နွယ်လျက်ရှိသော ဌာနများ၊ ရေယာဉ်များနှင့် ဆိပ်ကမ်းများတွင် လုပ်ငန်းလုပ်ကိုင်လိုသူများက လိုက်နာရန် စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဃ) ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးတို့ အတွက် အစီအမံများကို ကော်မတီထံ တင်ပြခြင်း၊

(င) ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း ဆောင်ရွက်နေသော လုပ်ငန်းများအတွက် အခွန်အခရရှိအောင် ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းအမျိုးအစားအလိုက် ဆိပ်ကမ်းများ သတ်မှတ်ပေးခြင်း၊

(ဆ) ကော်မတီက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၉)
## မြေငှားရမ်းခြင်း သို့မဟုတ် မြေအသုံးပြုခွင့်ပေးခြင်း

၁၀။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) သတ်မှတ်မြေငှားရမ်းခ သို့မဟုတ် မြေအသုံးပြုခပေးသွင်းစေပြီး ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးလုပ်ကိုင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို အနည်းဆုံး (၃) နှစ်မှစ၍ ခွင့်ပြုဆောင်ရွက်စေခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက ထပ်မံ၍ သက်တမ်း (၂) နှစ် တိုးမြှင့်ခြင်း၊

(ဂ) ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးလုပ်ကိုင်သူက အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလနှင့် မြေအကျယ်အဝန်းကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် မူတည်ပြီး စိစစ်ခွင့်ပြုခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသော လုပ်ငန်းလုပ်ကိုင်ခွင့်ကို ရုပ်သိမ်းခြင်း။

## အခန်း (၁၀)
## တားမြစ်ချက်များ

၁၁။ မည်သူမျှ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လွန်းလမ်း၊ သင်္ဘောကျင်းတည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့်ဇောတံတား၊ ရေဆင်းတံတား တည်ဆောက်ခြင်း သို့မဟုတ် မြောင်းဖော်၍ သင်္ဘောထိုးခြင်းမပြုရ။

၁၂။ (က) မည်သူမျှ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းမပြုရ၊

(ခ) မည်သူမျှ ဆိပ်ကမ်းနယ်အတွင်း ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရေယာဉ်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်းမပြုရ။

၁၃။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဤဥပဒေနှင့်သက်ဆိုင်သော ဆိပ်ကမ်း၊ ကမ်းပါးတစ်နေရာမှ ကမ်းမပြိုအောင် အကာအကွယ်ပေးထားသည့် အရာဝတ္ထုများကို ရွှေ့ပြောင်းသယ်ဆောင်ခြင်းမပြုရ။

၁၄။ မည်သူမျှ ဆိပ်ကမ်းနယ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုလုပ်ရ။

၁၅။ မည်သူမျှ ကမ်းနားနယ်၊ ကမ်းပါးနယ်၊ ဆိပ်ကမ်းနယ်တို့တွင် ဦးစီးဌာနနှင့် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ရေယာဉ်ဆိုက်ကပ်ခွန်၊ ကားရပ်နားခွန်၊ စုပုံခွန်၊ အခြားအခွန်များ ကောက်ခံခြင်းမပြုရ။

၁၆။ မည်သူမျှ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ ရေတွင်းရေကန် တူးဖော်ခြင်းမပြုရ။

၁၇။ မည်သူမျှ ကမ်းပါးနယ်၊ ကမ်းနားနယ်တို့တွင် သက်ဆိုင်ရာဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းမပြုရ။

၁၈။ မည်သူမျှ ဆိပ်ကမ်းနယ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ရေယာဉ်များ ဆိုက်ကပ်ခြင်း မပြုရ။

၁၉။ မည်သူမျှ ဆိပ်ကမ်းနယ်အတွင်း အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် ဘေးအန္တရာယ်ဖြစ်စေသောပစ္စည်းများ စွန့်ပစ်ခြင်းမပြုရ။

၂၀။ မည်သူမျှ ဆိပ်ကမ်းနယ်မြေအတွင်းရှိ ဆိပ်ကမ်းတာရိုး၏ကြံ့ခိုင်မှုကို ထိခိုက်စေသော မြေတူးခြင်း၊ မြေသယ်ခြင်း၊ ရေတင်ရေထုတ်ခြင်းများကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

၂၁။ မည်သူမျှ ကမ်းပါးနယ်ပျက်စီးခြင်းမရှိစေရန် အမြန်ရေယာဉ်များ မြို့၊ ရွာ၊ ဆိပ်ကမ်းများအနီး ဖြတ်သန်းမောင်းနှင်ရာတွင် အစုန်တွင် ရေမိုင် (၁၀) မိုင်နှုန်း၊ အဆန်တွင် ရေမိုင် (၈) မိုင်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရ။

၂၂။ မည်သူမျှ ကမ်းနားနယ်၊ ကမ်းပါးနယ်၊ ဆိပ်ကမ်းနယ်တို့တွင် ကော်မတီ၏ခွင့်ပြုချက်ဖြင့် အခွန်အခများကောက်ခံခြင်းအပေါ် အခွန်တိမ်းရှောင်ခြင်းမပြုရ။

## အခန်း (၁၁)
## ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထိုသူ၏ပြုလုပ်မှုကြောင့် တစ်စုံတစ်ရာပျက်စီးဆုံးရှုံးမှုရှိပါက သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ထားသော ငွေဒဏ်အပြင် ထိုသူအား အဆိုပါပျက်စီးဆုံးရှုံးမှုတန်ဖိုးကို လျော်ကြေးအဖြစ် ပေးဆောင်စေရန် ထည့်သွင်းချမှတ်နိုင်သည်။ ချမှတ်သော လျော်ကြေးငွေကို ပေးဆောင်ခြင်းမပြုပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ အရ ဒဏ်ငွေကဲ့သို့ အရကောက်ခံရမည်။

## အခန်း (၁၂)
## အထွေထွေ

၂၇။ ဆိပ်ကမ်းနယ်မြေအတွင်း ဥပဒေနှင့် နည်းဥပဒေများအရ လုပ်ငန်းတစ်ခုခုအတွက် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်အတွက်သာဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၈။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သောကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မခံထိုက်စေရ။

၂၉။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူနိုင်သောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၀။ (က) ဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

(ခ) ဦးစီးဌာနသည် ကော်မတီနှင့် ကော်မတီခွဲများ၏ ရုံးလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ပေးရမည်။

၃၁။ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ ရရန်ရှိသော အခွန်အခများနှင့် ဒဏ်ကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ တည်ဆဲအခွန်အခ၊ ဥပဒေများနှင့်အညီ ကောက်ခံရမည်။

၃၂။ ဤဥပဒေအာဏာမတည်မီက ဆိပ်ကမ်းနယ်မြေအတွင်း တည်ဆောက်ထားရှိသော လုပ်ငန်းတစ်ခုခုကို ဤဥပဒေအာဏာတည်ပြီးနောက် ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနခွဲ)**
၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက် )

အမှတ် ၅၄/၂၀၁၄ ။ ။ အောက်ဖော်ပြပါ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၇) တွင် တက်ရောက်သင်ကြားအောင်မြင်ခဲ့ကြသော ဗိုလ်လောင်းများအား တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | ဇော်ဝင်းမြင့် | ကြည်း | ၆၇၂၁၀ |
| (၂) | ဟိန်းမင်းကျော် | ကြည်း | ၆၇၂၁၁ |
| (၃) | ရဲမင်းအောင် | ကြည်း | ၆၇၂၁၂ |
| (၄) | ထိန်လင်း | ကြည်း | ၆၇၂၁၃ |
| (၅) | သော်တာဝင်း | ကြည်း | ၆၇၂၁၄ |
| (၆) | အာကာမင်းထွန်း | ကြည်း | ၆၇၂၁၅ |
| (၇) | ဝေယံကျော် | ကြည်း | ၆၇၂၁၆ |
| (၈) | ကျော်ဇေယျ | ကြည်း | ၆၇၂၁၇ |
| (၉) | တိုးဝေထက် | ကြည်း | ၆၇၂၁၈ |
| (၁၀) | စိုးမင်းထွန်း | ကြည်း | ၆၇၂၁၉ |
| (၁၁) | လှမျိုးအောင် | ကြည်း | ၆၇၂၂၀ |
| (၁၂) | ကျော်စိုးဝေ | ကြည်း | ၆၇၂၂၁ |
| (၁၃) | ညီညီထွန်း | ကြည်း | ၆၇၂၂၂ |
| (၁၄) | ကြည်စိုးမင်း | ကြည်း | ၆၇၂၂၃ |
| (၁၅) | ယဉ်ထွေး | ကြည်း | ၆၇၂၂၄ |
| (၁၆) | ကျော်စိုးဝင်း | ကြည်း | ၆၇၂၂၅ |
| (၁၇) | သန့်ဇင်မောင် | ကြည်း | ၆၇၂၂၆ |

| | | | |
|---|---|---|---|
| (၁၈) | နိုင်အောင်သန်း | ကြည်း | ၆၇၂၂၇ |
| (၁၉) | ချေညီညီ | ကြည်း | ၆၇၂၂၈ |
| (၂၀) | စိုးမင်းလတ် | ကြည်း | ၆၇၂၂၉ |
| (၂၁) | လွင်မောင်ထွန်း | ကြည်း | ၆၇၂၃၀ |
| (၂၂) | မျိုးသက်ဝေ | ကြည်း | ၆၇၂၃၁ |
| (၂၃) | ဇော်ဇော်အောင် | ကြည်း | ၆၇၂၃၂ |
| (၂၄) | ရဲမင်းဦး | ကြည်း | ၆၇၂၃၃ |
| (၂၅) | ဖြိုးဝင်းထွန်း | ကြည်း | ၆၇၂၃၄ |
| (၂၆) | သန့်ဇင်အောင် | ကြည်း | ၆၇၂၃၅ |
| (၂၇) | ကျော်မင်းဦး | ကြည်း | ၆၇၂၃၆ |
| (၂၈) | သက်ဝေအောင် | ကြည်း | ၆၇၂၃၇ |
| (၂၉) | ကိုကိုထွေး | ကြည်း | ၆၇၂၃၈ |
| (၃၀) | ဇင်ကိုကိုအေး | ကြည်း | ၆၇၂၃၉ |
| (၃၁) | ဇေယျာမျိုးလတ် | ကြည်း | ၆၇၂၄၀ |
| (၃၂) | ကိုကိုနိုင် | ကြည်း | ၆၇၂၄၁ |
| (၃၃) | သက်အောင်ကျော် | ကြည်း | ၆၇၂၄၂ |
| (၃၄) | မြင့်ဝေ | ကြည်း | ၆၇၂၄၃ |
| (၃၅) | စိုးမောင်မောင် | ကြည်း | ၆၇၂၄၄ |
| (၃၆) | နန်ဒိုထန် | ကြည်း | ၆၇၂၄၅ |
| (၃၇) | ဝင်းထွန်း | ကြည်း | ၆၇၂၄၆ |
| (၃၈) | စိုးလင်းထိုက် | ကြည်း | ၆၇၂၄၇ |
| (၃၉) | ရန်နိုင်ပြုံး | ကြည်း | ၆၇၂၄၈ |
| (၄၀) | ဇင်မောင်စိုး | ကြည်း | ၆၇၂၄၉ |
| (၄၁) | နေမင်းဆွေ | ကြည်း | ၆၇၂၅၀ |
| (၄၂) | ထက်နေထွန်း | ကြည်း | ၆၇၂၅၁ |
| (၄၃) | မြင့်ဇော်လတ် | ကြည်း | ၆၇၂၅၂ |
| (၄၄) | ကျော်နိုင်မျိုး | ကြည်း | ၆၇၂၅၃ |
| (၄၅) | ရန်နိုင်အောင် | ကြည်း | ၆၇၂၅၄ |
| (၄၆) | ကြည်ဇော် | ကြည်း | ၆၇၂၅၅ |
| (၄၇) | တင်ထွန်းဦး | ကြည်း | ၆၇၂၅၆ |
| (၄၈) | ရဲမင်းထွန်း | ကြည်း | ၆၇၂၅၇ |
| (၄၉) | ရဲမင်းထွန်း | ကြည်း | ၆၇၂၅၈ |
| (၅၀) | ဇေယျာမြင့် | ကြည်း | ၆၇၂၅၉ |
| (၅၁) | ဝင်းကိုကိုအောင် | ကြည်း | ၆၇၂၆၀ |
| (၅၂) | ညီမင်းထွန်း | ကြည်း | ၆၇၂၆၁ |
| (၅၃) | ခန့်ထူးလွင် | ကြည်း | ၆၇၂၆၂ |
| (၅၄) | ငြိမ်းချမ်းမင်း | ကြည်း | ၆၇၂၆၃ |
| (၅၅) | စိုးသီဟနောင် | ကြည်း | ၆၇၂၆၄ |
| (၅၆) | အောင်ကိုဌေး | ကြည်း | ၆၇၂၆၅ |
| (၅၇) | အောင်မျိုးဦး | ကြည်း | ၆၇၂၆၆ |
| (၅၈) | ဇင်မျိုးလှိုင် | ကြည်း | ၆၇၂၆၇ |
| (၅၉) | ကျော်ဇင်မင်း | ကြည်း | ၆၇၂၆၈ |

| | | | |
|---|---|---|---|
| (၆၀) | စိုးမိုးအောင် | ကြည်း | ၆၇၂၆၉ |
| (၆၁) | စိုးဝင်းလတ် | ကြည်း | ၆၇၂၇၀ |
| (၆၂) | ဝင်းကို | ကြည်း | ၆၇၂၇၁ |
| (၆၃) | ခိုင်စိုးထွန်း | ကြည်း | ၆၇၂၇၂ |
| (၆၄) | ဖြိုးဝေတိုး | ကြည်း | ၆၇၂၇၃ |
| (၆၅) | အောင်မျိုးထွန်း | ကြည်း | ၆၇၂၇၄ |
| (၆၆) | မျိုးသီဟကျော် | ကြည်း | ၆၇၂၇၅ |
| (၆၇) | မိုးမြင့်မောင် | ကြည်း | ၆၇၂၇၆ |
| (၆၈) | မျိုးမင်းဦး | ကြည်း | ၆၇၂၇၇ |
| (၆၉) | ခင်မောင်စိုး | ကြည်း | ၆၇၂၇၈ |
| (၇၀) | ရန်လင်းအောင် | ကြည်း | ၆၇၂၇၉ |
| (၇၁) | စိုင်းတင်ထွန်းအောင် | ကြည်း | ၆၇၂၈၀ |
| (၇၂) | ဇော်မျိုးဝင်း | ကြည်း | ၆၇၂၈၁ |
| (၇၃) | ဇင်လင်းဦး | ကြည်း | ၆၇၂၈၂ |
| (၇၄) | ဇော်မင်းလတ် | ကြည်း | ၆၇၂၈၃ |
| (၇၅) | ကျော်ဇေယျာမင်း | ကြည်း | ၆၇၂၈၄ |
| (၇၆) | စောဂေထူး | ကြည်း | ၆၇၂၈၅ |
| (၇၇) | မျိုးဝင်းဌေး | ကြည်း | ၆၇၂၈၆ |
| (၇၈) | ကျော်ကောင်းလွင် | ကြည်း | ၆၇၂၈၇ |
| (၇၉) | စိုင်းဟန်လင်းအောင် | ကြည်း | ၆၇၂၈၈ |
| (၈၀) | အောင်ရဲထွဋ် | ကြည်း | ၆၇၂၈၉ |
| (၈၁) | ဇေယျာမင်း | ကြည်း | ၆၇၂၉၀ |
| (၈၂) | မျိုးသူ | ကြည်း | ၆၇၂၉၁ |
| (၈၃) | သက်နိုင်ဦး | ကြည်း | ၆၇၂၉၂ |
| (၈၄) | ပြည့်ဖြိုးကျော် | ကြည်း | ၆၇၂၉၃ |
| (၈၅) | လှဝင်းအောင် | ကြည်း | ၆၇၂၉၄ |
| (၈၆) | မျိုးသူ | ကြည်း | ၆၇၂၉၅ |
| (၈၇) | ငြိမ်းချမ်းအောင် | ကြည်း | ၆၇၂၉၆ |
| (၈၈) | အောင်နေပိုင် | ကြည်း | ၆၇၂၉၇ |
| (၈၉) | ဆက်ဝေနိုင် | ကြည်း | ၆၇၂၉၈ |
| (၉၀) | နေဝင်းထွန်း | ကြည်း | ၆၇၂၉၉ |
| (၉၁) | ကျော်မိုးဦး | ကြည်း | ၆၇၃၀၀ |
| (၉၂) | ဇာနည်မောင် | ကြည်း | ၆၇၃၀၁ |
| (၉၃) | ကျော်သက်ဦး | ကြည်း | ၆၇၃၀၂ |
| (၉၄) | မင်းရန်နိုင်ထွန်း | ကြည်း | ၆၇၃၀၃ |
| (၉၅) | နေတိုးဦး | ကြည်း | ၆၇၃၀၄ |
| (၉၆) | သက်နိုင်ဦး | ကြည်း | ၆၇၃၀၅ |
| (၉၇) | နိုင်လင်းအောင် | ကြည်း | ၆၇၃၀၆ |
| (၉၈) | မျိုးမင်းအောင် | ကြည်း | ၆၇၃၀၇ |
| (၉၉) | အောင်မြတ်ခိုင် | ကြည်း | ၆၇၃၀၈ |
| (၁၀၀) | သက်လှိုင်ဝင်း | ကြည်း | ၆၇၃၀၉ |
| (၁၀၁) | မျိုးမြတ်ဇော် | ကြည်း | ၆၇၃၁၀ |

| | | | |
|---|---|---|---|
| (၁၀၂) | လှထူးနိုင် | ကြည်း | ၆၇၃၁၁ |
| (၁၀၃) | ဇော်ရှိန်းမောင် | ကြည်း | ၆၇၃၁၂ |
| (၁၀၄) | ဟိန်းလတ် | ကြည်း | ၆၇၃၁၃ |
| (၁၀၅) | သိန်းစိုး | ကြည်း | ၆၇၃၁၄ |
| (၁၀၆) | စိုးမင်းအောင် | ကြည်း | ၆၇၃၁၅ |
| (၁၀၇) | သက်နိုင်ဦး | ကြည်း | ၆၇၃၁၆ |
| (၁၀၈) | စိုးသူရ | ကြည်း | ၆၇၃၁၇ |
| (၁၀၉) | ကျော်စည်သူ | ကြည်း | ၆၇၃၁၈ |
| (၁၁၀) | ဝေဖြိုးအောင် | ကြည်း | ၆၇၃၁၉ |
| (၁၁၁) | သန်းထွန်းအောင် | ကြည်း | ၆၇၃၂၀ |
| (၁၁၂) | ဇော်မင်းပိုင် | ကြည်း | ၆၇၃၂၁ |
| (၁၁၃) | ငြိမ်းချမ်းနိုင် | ကြည်း | ၆၇၃၂၂ |
| (၁၁၄) | အောင်မျိုးကြည် | ကြည်း | ၆၇၃၂၃ |
| (၁၁၅) | ဝဏ္ဏစိုး | ကြည်း | ၆၇၃၂၄ |
| (၁၁၆) | ရာဇာမင်း | ကြည်း | ၆၇၃၂၅ |
| (၁၁၇) | အောင်နိုင်စိုး | ကြည်း | ၆၇၃၂၆ |
| (၁၁၈) | ဇော်ထွန်း | ကြည်း | ၆၇၃၂၇ |
| (၁၁၉) | သိန်းသန်းတိုး | ကြည်း | ၆၇၃၂၈ |
| (၁၂၀) | အောင်အောင် | ကြည်း | ၆၇၃၂၉ |
| (၁၂၁) | ဟန်ဝင်းပိုင် | ကြည်း | ၆၇၃၃၀ |
| (၁၂၂) | သန်းဇော်ဦး | ကြည်း | ၆၇၃၃၁ |
| (၁၂၃) | ကျော်မျိုးသူ | ကြည်း | ၆၇၃၃၂ |
| (၁၂၄) | ဇော်မင်းထွန်း | ကြည်း | ၆၇၃၃၃ |
| (၁၂၅) | စိုးသူနိုင် | ကြည်း | ၆၇၃၃၄ |
| (၁၂၆) | ရန်မျိုးအောင် | ကြည်း | ၆၇၃၃၅ |
| (၁၂၇) | သန့်ဇင်ဦး | ကြည်း | ၆၇၃၃၆ |
| (၁၂၈) | ကိုကိုသိုက် | ကြည်း | ၆၇၃၃၇ |
| (၁၂၉) | ရန်လင်းအောင် | ကြည်း | ၆၇၃၃၈ |
| (၁၃၀) | အောင်သူခိုင် | ကြည်း | ၆၇၃၃၉ |
| (၁၃၁) | ဇော်ဝင်းထွန်း | ကြည်း | ၆၇၃၄၀ |
| (၁၃၂) | ထိုက်လင်းအောင် | ကြည်း | ၆၇၃၄၁ |
| (၁၃၃) | အောင်ဖြိုးဇော် | ကြည်း | ၆၇၃၄၂ |
| (၁၃၄) | ကျော်ဇေယျ | ကြည်း | ၆၇၃၄၃ |
| (၁၃၅) | တေဇာအောင် | ကြည်း | ၆၇၃၄၄ |
| (၁၃၆) | ဝင်းမြဦး | ကြည်း | ၆၇၃၄၅ |
| (၁၃၇) | တင်စိုး | ကြည်း | ၆၇၃၄၆ |
| (၁၃၈) | အောင်သန်းဇော် | ကြည်း | ၆၇၃၄၇ |
| (၁၃၉) | စိန်မောင် | ကြည်း | ၆၇၃၄၈ |
| (၁၄၀) | လှိုင်မျိုးထွန်း | ကြည်း | ၆၇၃၄၉ |
| (၁၄၁) | ကျော်ဇင်မျိုး | ကြည်း | ၆၇၃၅၀ |
| (၁၄၂) | သန်းစိုးဦး | ကြည်း | ၆၇၃၅၁ |
| (၁၄၃) | ထွန်းဦး | ကြည်း | ၆၇၃၅၂ |

| | | | |
|---|---|---|---|
| (၁၄၄) | ဇော်မြင့်ထွန်း | ကြည်း | ၆၇၃၅၃ |
| (၁၄၅) | ပြည့်ဖြိုးဝေ | ကြည်း | ၆၇၃၅၄ |
| (၁၄၆) | လင်းအောင်ဖြိုး | ကြည်း | ၆၇၃၅၅ |
| (၁၄၇) | အောင်သူလတ် | ကြည်း | ၆၇၃၅၆ |
| (၁၄၈) | မောင်မျိုး | ကြည်း | ၆၇၃၅၇ |
| (၁၄၉) | ရဲမင်းထက် | ကြည်း | ၆၇၃၅၈ |
| (၁၅၀) | အောင်မိုးသူ | ကြည်း | ၆၇၃၅၉ |
| (၁၅၁) | ကျော်နိုင်ထွန်း | ကြည်း | ၆၇၃၆၀ |
| (၁၅၂) | ဝင်းမင်းလှိုင် | ကြည်း | ၆၇၃၆၁ |
| (၁၅၃) | ကောင်းထက် | ကြည်း | ၆၇၃၆၂ |
| (၁၅၄) | ခင်မောင်ဇော် | ကြည်း | ၆၇၃၆၃ |
| (၁၅၅) | ဟိန်းသန့်ဇော် | ကြည်း | ၆၇၃၆၄ |
| (၁၅၆) | မင်းစိုး | ကြည်း | ၆၇၃၆၅ |
| (၁၅၇) | ကျော်သူ | ကြည်း | ၆၇၃၆၆ |
| (၁၅၈) | ဟိန်းမင်းစိုး | ကြည်း | ၆၇၃၆၇ |
| (၁၅၉) | ဟိန်းထက်အောင် | ကြည်း | ၆၇၃၆၈ |
| (၁၆၀) | ရာဇာထွန်း | ကြည်း | ၆၇၃၆၉ |
| (၁၆၁) | ထွန်းထွန်းဝင်း | ကြည်း | ၆၇၃၇၀ |
| (၁၆၂) | စိုးလင်းအောင် | ကြည်း | ၆၇၃၇၁ |
| (၁၆၃) | မြတ်သူဝင်း | ကြည်း | ၆၇၃၇၂ |
| (၁၆၄) | ဝေဖြိုးလင်း | ကြည်း | ၆၇၃၇၃ |
| (၁၆၅) | ကျော်သူဆွေ | ကြည်း | ၆၇၃၇၄ |
| (၁၆၆) | စန်းလွင်ဦး | ကြည်း | ၆၇၃၇၅ |
| (၁၆၇) | အောင်ကိုကို | ကြည်း | ၆၇၃၇၆ |
| (၁၆၈) | ကြည်မင်းစစ်နိုင် | ကြည်း | ၆၇၃၇၇ |
| (၁၆၉) | အောင်ကိုကိုမင်း | ကြည်း | ၆၇၃၇၈ |
| (၁၇၀) | နေလင်းထိုက် | ကြည်း | ၆၇၃၇၉ |
| (၁၇၁) | မျိုးသူအောင် | ကြည်း | ၆၇၃၈၀ |
| (၁၇၂) | ဇင်သူ | ကြည်း | ၆၇၃၈၁ |
| (၁၇၃) | ဝင်းအောင် | ကြည်း | ၆၇၃၈၂ |
| (၁၇၄) | မျိုးမင်းထက် | ကြည်း | ၆၇၃၈၃ |
| (၁၇၅) | အောင်အောင် | ကြည်း | ၆၇၃၈၄ |
| (၁၇၆) | စိုးမင်းအောင် | ကြည်း | ၆၇၃၈၅ |
| (၁၇၇) | စဂျွန်ဖိုး | ကြည်း | ၆၇၃၈၆ |
| (၁၇၈) | ဇွဲဟန်နိုင် | ကြည်း | ၆၇၃၈၇ |
| (၁၇၉) | ဥက္ကာစိုး | ကြည်း | ၆၇၃၈၈ |
| (၁၈၀) | သန်းစိုးလင်း | ကြည်း | ၆၇၃၈၉ |
| (၁၈၁) | ငြိမ်းချမ်း | ကြည်း | ၆၇၃၉၀ |
| (၁၈၂) | ဇော်မျိုးဦး | ကြည်း | ၆၇၃၉၁ |
| (၁၈၃) | ဉာဏ်လင်းမြင့် | ကြည်း | ၆၇၃၉၂ |
| (၁၈၄) | ကျော်ကျော်ဇင် | ကြည်း | ၆၇၃၉၃ |
| (၁၈၅) | ချစ်ဦးညို | ကြည်း | ၆၇၃၉၄ |

| | | | |
|---|---|---|---|
| (၁၈၆) | ညီညီသော် | ကြည်း | ၆၇၃၉၅ |
| (၁၈၇) | သန့်ထူးအောင် | ကြည်း | ၆၇၃၉၆ |
| (၁၈၈) | နေသစ်ဦး | ကြည်း | ၆၇၃၉၇ |
| (၁၈၉) | ဂင်ရှမ်းခိုင် | ကြည်း | ၆၇၃၉၈ |
| (၁၉၀) | စိုးလှိုင်ထွန်း | ကြည်း | ၆၇၃၉၉ |
| (၁၉၁) | ဝေယံစိုး | ကြည်း | ၆၇၄၀၀ |
| (၁၉၂) | ဖြိုးနိုင်လင်း | ကြည်း | ၆၇၄၀၁ |
| (၁၉၃) | ယင်းတိန် | ကြည်း | ၆၇၄၀၂ |
| (၁၉၄) | သန့်ဇင်ဦး | ကြည်း | ၆၇၄၀၃ |
| (၁၉၅) | ဟန်ဇော်လင်း | ကြည်း | ၆၇၄၀၄ |
| (၁၉၆) | မျိုးမင်းသူ | ကြည်း | ၆၇၄၀၅ |
| (၁၉၇) | ဇော်ထွန်း | ကြည်း | ၆၇၄၀၆ |
| (၁၉၈) | ငြိမ်းချမ်းအောင် | ကြည်း | ၆၇၄၀၇ |
| (၁၉၉) | ရဲရင့်အောင် | ကြည်း | ၆၇၄၀၈ |
| (၂၀၀) | လင်းထက်ဝင်း | ကြည်း | ၆၇၄၀၉ |
| (၂၀၁) | ဝေလင်းအေး | ကြည်း | ၆၇၄၁၀ |
| (၂၀၂) | ဇင်ကိုကိုဝင်း | ကြည်း | ၆၇၄၁၁ |
| (၂၀၃) | အောင်ကျော်သိုက် | ကြည်း | ၆၇၄၁၂ |
| (၂၀၄) | ကျော်မျိုးလွင် | ကြည်း | ၆၇၄၁၃ |
| (၂၀၅) | ကိုကိုဦး | ကြည်း | ၆၇၄၁၄ |
| (၂၀၆) | အောင်သာထူး | ကြည်း | ၆၇၄၁၅ |
| (၂၀၇) | ကိုကိုအောင် | ကြည်း | ၆၇၄၁၆ |
| (၂၀၈) | ကျော်မင်းအောင် | ကြည်း | ၆၇၄၁၇ |
| (၂၀၉) | လူထွေး | ကြည်း | ၆၇၄၁၈ |
| (၂၁၀) | ဇေယျာစိုး | ကြည်း | ၆၇၄၁၉ |
| (၂၁၁) | အာကာကျော် | ကြည်း | ၆၇၄၂၀ |
| (၂၁၂) | စိုးဇင်ငြိမ်း | ကြည်း | ၆၇၄၂၁ |
| (၂၁၃) | စိုးသိန်း | ကြည်း | ၆၇၄၂၂ |
| (၂၁၄) | ကျော်သူငွေး | ကြည်း | ၆၇၄၂၃ |
| (၂၁၅) | အောင်အောင် | ကြည်း | ၆၇၄၂၄ |
| (၂၁၆) | နေလှိုင်းဇော် | ကြည်း | ၆၇၄၂၅ |
| (၂၁၇) | စိုးမင်းအောင် | ကြည်း | ၆၇၄၂၆ |
| (၂၁၈) | အောင်ကိုဦး | ကြည်း | ၆၇၄၂၇ |
| (၂၁၉) | အောင်ကျော်သူ | ကြည်း | ၆၇၄၂၈ |
| (၂၂၀) | ဇာနည်ဗိုလ် | ကြည်း | ၆၇၄၂၉ |
| (၂၂၁) | ထူးချွန်ဇော် | ကြည်း | ၆၇၄၃၀ |
| (၂၂၂) | ထိန်လင်း | ကြည်း | ၆၇၄၃၁ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### စုပေါင်းကျောက်မီးသွေးဓာတ်သတ္တုရှာဖွေရေး ကုမ္ပဏီလီမိတက်

**United Coal Mining Company Limited**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **စုပေါင်းကျောက်မီးသွေးဓာတ်သတ္တုရှာဖွေရေး ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁-၇-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁-၈-၂၀၁၄) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဝင်းဇော်အေး<br>မန်နေးဂျင်းဒါရိုက်တာ<br>စုပေါင်းကျောက်မီးသွေးဓာတ်သတ္တုရှာဖွေရေး<br>ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ကိုယ်စား | ဦးစိန်ကျော်ဝင်း<br>(B.Com, C.P.A)<br>စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ<br>ဖုန်း - ၅၀၇၁၁၇ |

## ရွှေဝတ်မှုံ အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

## SHWE WUTT HMONE INTERNATIONAL TRADING CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေဝတ်မှုံ အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (SHWE WUTT HMONE INTERNATIONAL TRADING COMPANY LIMITED)** အား (၃-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝေထွန်း
မန်နေးဂျင်းဒါရိုက်တာ
ရွှေဝတ်မှုံ အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေး
ကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ကမ်းနားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ADORN GEMS COMPANY LIMITED

ဖျက်သိမ်းရန် ကြေညာချက်

၁။ **Adorn Gems Company Limited..** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၀-၆-၂၀၁၄) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-(၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း (၁၂/သလန (နိုင်) ၀၃၃၂၅၉) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်းထံ ဆက်သွယ် ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

ဒေါ်ချိန်လျှို့ဘ (ခ) ဒေါ်နန်းခမ်း
မန်နေးဂျင်းဒါရိုက်တာ
Adorn Gems Company Limited

ဦးဆန်းထွန်း
B.Com., C.P.A,F.B.S.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ)

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၄-၇-၂၀၁၄။